# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၁၁၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# တိကျမှန်ကန်တဲ့ သုတေသနရလဒ်တွေအပေါ် မူတည်ပြီး ကျန်းမာရေးစီမံချက်တွေကို ချမှတ်ဆုံးဖြတ်ရခြင်းနဲ့ ရလဒ်အခြေပြုမူဝါဒများ ရေးဆွဲခြင်းတွေကို ဆောင်ရွက်ရတာဖြစ်

### “(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် ဂုဏ်ပြုဗီဒီယိုမိန့်ခွန်း (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)



အားလုံး မင်္ဂလာပါ။

ဒီနေ့ကျင်းပပြုလုပ်တဲ့ **“(၅၃) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ”** ကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဆောင်ရွက်နိုင်စေဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ကျင်းပလာခဲ့တာ ယခုအခါ (၅၃)ကြိမ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

၁၉၆၅ ခုနှစ်မှာ ပထမအကြိမ်ညီလာခံကို စတင်ကျင်းပနိုင်ခဲ့ပါတယ်။ ညီလာခံစတင်ကျင်းပခဲ့တဲ့နှစ်တွေမှာ သုတေသနစာတမ်းတွေကိုသာ တင်သွင်းဖတ်ကြားနိုင်ခဲ့ရာက ၁၉၉၁ ခုနှစ်မှာပြုလုပ်တဲ့ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကစပြီး သုတေသနပိုစတာပြပွဲကို ထည့်သွင်းနိုင်ခဲ့တာ တွေ့ရပါတယ်။ ၂၀၀၂ ခုနှစ် ညီလာခံက စတင်ပြီး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ဆွေးနွေးပွဲတွေကိုပါ ထည့်သွင်းပြီး ပိုမိုအကျိုးရှိထိရောက်အောင် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာခဲ့ကြောင်း သိရှိရပါတယ်။


*စာမျက်နှာ ၃ ကော်လံ ၁ ➜*


**ယနေ့ ဖတ် စ ရာ**



**သတိပြုဆင်ခြင်ဖွယ် ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်**


ဆောင်းပါး | စာ ၁၀


**ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)သင်တန်း ဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်**


ပြည်တွင်းသတင်း | စာ ၉


**ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးမည်**


ပြည်တွင်းသတင်း | စာ ၁၁


**ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ရှိ တူကီယဲကောင်စစ်ဝန်ရုံးချုပ်ကို ပြန်လည်ဖွင့်လှစ်**


နိုင်ငံတကာသတင်း | စာ ၁၃




# အရည်အသွေးဈေးကွက်နှင့် ကမ္ဘာ့အကောင်းဆုံးဆန်

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပို့ကုန်တိုးမြှင့်ရေးသည် အဓိကဖြစ်သည်။ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန် မဟာဗျူဟာကို ရေးဆွဲဆောင်ရွက်ရာတွင် နိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်မည့် အလားအလာရှိသည့် ပို့ကုန်များထဲတွင် ဆန်နှင့် ဆန်ထွက်ပစ္စည်းများသည် ဦးစားပေးကဏ္ဍတွင် ပါဝင်လျက်ရှိသည်။

"မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ဆန်နှင့်ပဲများသည် ဈေးကွက်ရရှိပြီးဖြစ်သဖြင့် ယခုထက် အရည်အသွေး ပိုမိုကောင်းမွန်သည့် ဆန်နှင့်ပဲများ တင်ပို့နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဂုဏ်သတင်းရှိပြီးဖြစ်သည့် ပေါ်ဆန်းမွှေးဆန် ရောင်းအားမြှင့်တင်ရန်လိုကြောင်း" နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြီးခဲ့သည့် ဇန်နဝါရီ ၁၇ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် မိုးစပါးနှင့် နွေစပါး စုစုပေါင်းဧက ၁၇ သန်းခန့်ကို နှစ်စဉ် စိုက်ပျိုးလျက်ရှိပြီး ထွက်ရှိလာသည့် ဆန်စပါးများ၏ ၈၀ ရာခိုင်နှုန်းကို ပြည်တွင်းစားသုံး၍ ကျန် ၂၀ ရာခိုင်နှုန်းကိုသာ ပြည်ပသို့ တင်ပို့ရောင်းချနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းဈေးကွက်အကြိုက် စပါးမျိုး ၅၀ ခန့်နှင့် ပြည်ပဈေးကွက်အကြိုက် စပါးမျိုး ၂၀ ခန့်အပါအဝင် စပါးအမျိုးပေါင်း ၉၀ ကျော်ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံတွင် မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် ရွှေဘိုပေါ်ဆန်းကို "ကမ္ဘာ့အကောင်းဆုံးဆန် (World Best Rice)" အဖြစ် ရွေးချယ်ခံခဲ့ရသည်။ အရှေ့တောင်အာရှ ဆန်စိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံများတွင် အကောင်းဆုံးသော အရည်အသွေးများနှင့် ထိပ်တန်းဆန်များ ကိုယ်စီပိုင်ဆိုင်ထားကြသည့်အနက် မြန်မာနိုင်ငံသည်လည်း ပါဝင်လာခြင်းဖြစ်သည်။ ထိုင်းမှ စံပယ်နံ့မွှေးသော Hom Mali ဆန်၊ ကမ္ဘောဒီးယားနိုင်ငံမှ Malys Angkor ဆန်၊ ဗီယက်နမ်နိုင်ငံမှ ST24 ဆန်များနည်းတူ မြန်မာနိုင်ငံမှ ရွှေဘိုပေါ်ဆန်းကလည်း ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ရပ်တည်လာခြင်းဖြစ်ရာ မိမိတို့၏ ဆန်အရည်အသွေးကို မပြတ်မြှင့်တင်နေရန်နှင့် အကောင်းဆုံးဆန်စပါးမျိုးသစ်များ ထပ်မံထွက်ပေါ်လာစေရန်လည်း ကြိုးပမ်းနေကြရမည်ဖြစ်သည်။

မူရင်း ပေါ်ဆန်းမွှေးစပါးကို ၁၉၂၂ ခုနှစ်က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်း ၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။ ပေါ်ဆန်းစပါးမျိုးများအနက်မှ ပေါ်ဆန်းဘေးကြားစပါးမျိုး အနည်းငယ်ကို ရွှေဘိုဒေသသို့ ယူဆောင်စမ်းသပ်စိုက်ပျိုးရာမှ ထွက်ပေါ်လာခဲ့သော ရွှေဘိုပေါ်ဆန်းစပါးမျိုးသည်ပင် နှစ်ပေါင်း ၃၀ ခန့် ရှိပြီဖြစ်သည်။ ပြည်ပသို့ ဆန်စပါးတင်ပို့ရောင်းချရာတွင် ဈေးနှုန်းဈေးကွက် (Price Market) နှင့် အရည်အသွေးဈေးကွက် (Quality Market) ဟူ၍ရှိရာ အရည်အသွေးကောင်းမွန်သည့် ဆန်စပါးများထုတ်လုပ်နိုင်ရန်နှင့် ခေတ်မီဆန်စက်များဖြင့် နိုင်ငံတကာအဆင့်အတန်းမီ ဆန်များ ကြိတ်ခွဲထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးမရမီကာလက ဆန်တင်ပို့မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် လက်ရှိ စပါးစိုက်ပျိုးလျက်ရှိသည့် စိုက်ဧကကို မတိုးချဲ့ဘဲ တစ်ဧကအထွက်နှုန်းကို ပန်းတိုင်အထွက်နှုန်းသို့ ထွက်ရှိလာအောင် စနစ်တကျ အားထုတ်စိုက်ပျိုးခြင်းဖြင့် ကမ္ဘာ့ထိပ်တန်းဆန်တင်ပို့သည့်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်မည်ဖြစ်သည်။ ထို့အပြင် ကမ္ဘာ့အရည်အသွေးအကောင်းဆုံးဆန်များ စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့်လည်း ကမ္ဘာ့ဆန်အရည်အသွေးဈေးကွက်တွင် ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

## ၂၀ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၁၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အင်အား အသင့်အတင့်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇန်နဝါရီ ၂၀

ဇန်နဝါရီ ၂၀ ရက် မြန်မာစံတော်ချိန် ၁၇ နာရီ ၅၀ မိနစ် ၃၉ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၇၀၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Nicobar Islands, India Region)၊ မြောက်လတ္တီတွဒ် ၇ ဒသမ ၆၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒသမ ၅၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာ စကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်လှုပ်ရှားခဲ့ကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - စိုးစိုးနိုင် | | သတင်းထောက်မှူး - ခင်ရတနာ | |
| စာတည်းမှူး - မြင့်စိုး | | အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ | |
| စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း | | သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | | အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး | |
| သုတေသန - အိအိခင်နှင့် အဖွဲ့ | | သတင်းထောက်များ | |
| စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့ | | ဓာတ်ပုံသတင်းထောက် - တင်စိုး | |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | | အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့ | |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ *ရွှေဖုံးမှ*

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွေကနေ ပေါ်ထွက်လာတဲ့ ခိုင်မာတိကျတဲ့ရလဒ်အခြေပြု သုတေသနတွေ့ရှိချက်တွေဟာ နိုင်ငံအတွက် ခေတ်နဲ့အညီသင့်တော်တဲ့ ကျန်းမာရေးဆိုင်ရာ မူဝါဒတွေချမှတ်နိုင်ဖို့၊ ကျန်းမာရေးလုပ်ငန်းတွေ ပိုမိုထိရောက်အကျိုးရှိအောင် ဆောင်ရွက်နိုင်စေဖို့၊ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေဖို့ စတဲ့လုပ်ငန်းစဉ်ကြီးတွေ ဖော်ဆောင်ရာမှာ များစွာအထောက်အကူ ဖြစ်စေမှာဖြစ်ပါတယ်။

ယခု (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံရဲ့ဆောင်ပုဒ် (Congress Theme) က **"ကျန်းမာသောဘဝပိုင်ဆိုင်ဖို့ ကျန်းမာရေးပြဿနာများ စဉ်ဆက်မပြတ်ဖော်ထုတ်ဖြေရှင်းကြပါစို့ – Moving forward to a healthy lifestyle and addressing health risk behaviors"** ဖြစ်တယ်လို့ သိရှိရပါတယ်။ လက်ရှိအခြေအနေမှာ မကူးစက်တတ်တဲ့ ရောဂါတွေရဲ့ အရေးကြီးလာပုံကို မီးမောင်းထိုးပြနိုင်ဖို့ ရည်ရွယ်ပြီး ညီလာခံဆောင်ပုဒ်ကို ရွေးချယ်ခဲ့တာလို့လည်း သိရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အခြားဝန်ကြီးဌာနအသီးသီးနဲ့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်ချိန်မှာ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းတွေကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ယခုအချိန်မှာ ထပ်မံဦးမော့လာနိုင်တဲ့ မကူးစက်တတ်တဲ့ရောဂါတွေကို ထိန်းချုပ်နိုင်ဖို့ ရည်ရွယ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနဲ့ ဆေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံရှိ မကူးစက်တတ်တဲ့ရောဂါတွေရဲ့ ဖြစ်ပွားနိုင်ခြေကို **"စစ်တမ်းကောက် လေ့လာခြင်းသုတေသန – ၂၀၂၄"** ကို (STEP SURVEY) နဲ့ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

အထူးသဖြင့် မိမိတို့ပြည်သူတွေ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာကြံ့ခိုင်ကြဖို့ လိုအပ်ပါတယ်။ အဲဒီလို နေထိုင်နိုင်ဖို့အတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေကို ရွေးချယ်စားသုံးနိုင်ရေး၊ ကျန်းမာရေးနဲ့ညီညွတ်အောင် နေထိုင်ပြုမူရေး စတာတွေနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချ ကျန်းမာရေးသုတေသနတွေကို တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိချက်တွေကို ပြည်သူတွေသိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ပြီး အသိပညာပေးရမှာ ဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာနဲ့ပတ်သက်ပြီးတော့လည်း လက်တွေ့အသုံးချ သုတေသနတွေကတစ်ဆင့် ပြည်သူတွေ လက်တွေ့အကျိုးရှိစေရေးနဲ့

❑ **တိုင်းရင်းဆေးပညာနဲ့ပတ်သက်ပြီးတော့လည်း လက်တွေ့အသုံးချ သုတေသနတွေကတစ်ဆင့် ပြည်သူတွေ လက်တွေ့အကျိုးရှိစေရေးနဲ့ မိမိတို့နိုင်ငံရဲ့ တိုင်းရင်းဆေးပညာရပ်နဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်တွေ နိုင်ငံတကာကို ထိုးဖောက်နိုင်ဖို့အတွက် တိကျခိုင်မာတဲ့ သုတေသနပြုထားတဲ့ အချက်အလက်တွေ ပိုမိုရရှိဖို့အတွက်ကိုလည်း တိုင်းရင်းဆေးပညာရှင်ကြီးများနဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်**

မိမိတို့နိုင်ငံရဲ့ တိုင်းရင်းဆေးပညာရပ်နဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်တွေ နိုင်ငံတကာကို ထိုးဖောက်နိုင်ဖို့အတွက် တိကျခိုင်မာတဲ့ သုတေသနပြုထားတဲ့ အချက်အလက်တွေ ပိုမိုရရှိဖို့အတွက်ကိုလည်း တိုင်းရင်းဆေးပညာရှင်ကြီးများနဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

တိကျမှန်ကန်တဲ့ သုတေသနရလဒ်တွေအပေါ် မူတည်ပြီး ကျန်းမာရေးစီမံချက်တွေကို ချမှတ်ဆုံးဖြတ်ရခြင်းနဲ့ ရလဒ်အခြေပြုမူဝါဒများ ရေးဆွဲခြင်းတွေကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါ့ကြောင့် သုတေသနတွေကိုဆောင်ရွက်နေကြတဲ့ သုတေသီများကိုယ်တိုင်ကလည်း မိမိတို့ရဲ့ သုတေသနရလဒ်တွေရဲ့ အရေးပါပုံကို သေချာစွာသိရှိနားလည်ပြီး သုတေသနကျင့်ဝတ်တွေကို တိကျစွာ လိုက်နာဆောင်ရွက်ဖို့လိုအပ်တယ်ဆိုတာလည်း အမြဲမပြတ် သတိပြုရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အရာရာကို လေ့လာစူးစမ်း သုတေသနပြုလုပ်ပြီးမှ လုပ်ငန်းများကို ဆောင်ရွက်လိုတဲ့ စိတ်နေစိတ်ထား၊ တစ်နည်းအားဖြင့် သုတေသနပြုလိုတဲ့ စိတ်ရှိတဲ့ လူငယ်လူရွယ်တွေ၊ ပညာရှင်တွေများစွာပေါ်ထွက်လာအောင် ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒီလိုမျိုး ကျင့်ဝတ်နဲ့အညီ သုတေသနပြုလိုစိတ်ရှိတဲ့ ပုဂ္ဂိုလ်တွေ မိမိတို့နိုင်ငံမှာ များစွာပေါ်ပေါက်လာပြီး သုတေသနဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်တစ်ခု တိုးတက်ဖြစ်ထွန်း ရှင်သန်လာစေဖို့ ဆောင်ရွက်ရာမှာ သုတေသနဆိုင်ရာ အကြံပေးအဖွဲ့များကိုလည်း စနစ်တကျ ပြန်လည်ဖွဲ့စည်းခြင်း၊ သုတေသနကျင့်ဝတ်ဆိုင်ရာ ဘုတ်အဖွဲ့များကိုလည်း လိုအပ်သလို တိုးမြှင့်ဖွဲ့စည်းခြင်းတွေကိုလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ယခုညီလာခံကြီးကို ပေးပို့လာတဲ့ သုတေသနစာတမ်းတွေကို ညီလာခံမှာ တင်သွင်းဖတ်ကြားနိုင်ဖို့ စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီက အခြေခံသုတေသနစာတမ်း၊ အသုံးချသုတေသနစာတမ်း၊ လူမှုရေးနဲ့ ကျန်းမာရေးစနစ် သုတေသနစာတမ်းဆိုပြီး စနစ်တကျ အမျိုးအစားခွဲခြားသတ်မှတ် စိစစ်ရွေးချယ် ဆောင်ရွက်ထားကြောင်းနဲ့ သုတေသနစာတမ်း (၅၄)စောင်နဲ့ ပိုစတာ (၄၃)စောင်ကို ဖတ်ကြားပြသဖို့ စီစဉ်ဆောင်ရွက်ထားတာကို သိရှိရပါတယ်။

ဒီညီလာခံကို တင်သွင်းလာတဲ့ စာတမ်းနဲ့ ပိုစတာတွေထဲက အကောင်းဆုံးစာတမ်းနဲ့ ပိုစတာတွေကို ဆုရွေးချယ်ရေးဆပ်ကော်မတီက စိစစ်အမှတ်ပေးရွေးချယ်ပြီး ဆုများထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ဂုဏ်ပြုဖို့ အစီအစဉ်များရှိကြောင်း သိရှိရပါတယ်။

နိဂုံးချုပ်အနေနဲ့ –

- ကျန်းမာရေးသုတေသနလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ပြည်သူ့အကျိုးကို ရှေးရှုပြီး ပြည်သူတွေရဲ့ ကျန်းမာရေးအဆင့်အတန်း ယခုထက် ပိုမိုမြင့်မားလာစေရေး၊ အခြေခံကျန်းမာရေးကောင်းမွန်ရေး၊ ကျန်းမာရေးနဲ့ညီညွတ်စွာ နေထိုင်စားသောက်ရေး၊ ကူးစက်ရောဂါများနဲ့ မကူးစက်တတ်တဲ့ ရောဂါများရဲ့ ဖြစ်ပွားတတ်တဲ့ သဘောသဘာဝကိုသိရှိပြီး ကြိုတင်ကာကွယ်ကြနိုင်ရေးတို့အတွက် လက်တွေ့အသုံးချသုတေသနများ၊ တိုင်းရင်းဆေးပညာဆိုင်ရာ သုတေသနများ၊ နိုင်ငံတကာနဲ့ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားကြပါ။
- သုတေသနတွေက တွေ့ရှိရတဲ့ အချက်အလက်များကိုလည်း ယခုလို ညီလာခံများကျင်းပခြင်း၊ သုတေသနဂျာနယ်များ၊ စာစောင်များထုတ်ဝေခြင်း စတဲ့ ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးခြင်း၊ သတိပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြပါ။
- အလားတူ ပြည်သူတွေအနေနဲ့ ပြည်သူ့ဆေးရုံတွေမှာ တက်ရောက်ကုသမှုခံယူတဲ့အခါမှာ စိတ်ချမ်းသာရေး၊ လူနာဘေးကင်းလုံခြုံစိတ်ချရေးနဲ့ အရည်အသွေးပြည့်ဝတဲ့ ကုသစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေးအတွက် ကုသရေးဆိုင်ရာနဲ့ ဆေးရုံစီမံအုပ်ချုပ်မှုဆိုင်ရာ လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးကြပါ။
- ကျန်းမာရေးသုတေသနလုပ်ငန်းတွေကတစ်ဆင့် မိမိတို့နိုင်ငံနဲ့ သင့်တော်မယ့် ကျန်းမာရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရေး၊ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အားလုံးကိုယ်စီရရှိနိုင်ရေးနဲ့ မိမိတို့ နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း ပိုမိုမြင့်မားလာစေရေးအတွက် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

❖ **ယခုညီလာခံကြီးကို ပေးပို့လာတဲ့ သုတေသနစာတမ်းတွေကို ညီလာခံမှာ တင်သွင်းဖတ်ကြားနိုင်ဖို့ စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီက အခြေခံသုတေသနစာတမ်း၊ အသုံးချသုတေသနစာတမ်း၊ လူမှုရေးနဲ့ ကျန်းမာရေးစနစ် သုတေသနစာတမ်းဆိုပြီး စနစ်တကျ အမျိုးအစားခွဲခြားသတ်မှတ် စိစစ်ရွေးချယ်ဆောင်ရွက်ထားကြောင်းနဲ့ သုတေသနစာတမ်း (၅၄)စောင်နဲ့ ပိုစတာ (၄၃)စောင်ကို ဖတ်ကြားပြသဖို့ စီစဉ်ဆောင်ရွက်ထားတာကို သိရှိရ**

## နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၆ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

**နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးခင်မောင်လတ်အား နေပြည်တော်ကောင်စီဝင် အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူး အယူခံမှု(၃)မှုတို့ကို စီရင်ချက်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြီး၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေးနှင့် ဒေါက်တာကိုကိုနိုင်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး ရာဇဝတ်အထူးအယူခံမှု အမှတ် ၁၄/၂၀၂၄ (ရှမ်း)နှင့် တရားမအထူးအယူခံမှုအမှတ် ၇၀/၂၀၂၄ (မန္တလေး)၊ ၇၃/၂၀၂၄ (မွန်)၊ ၇၄/၂၀၂၄ (စစ်ကိုင်း) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု(၁)မှုနှင့် တရားမအထူး အယူခံမှု (၃) မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၅၈/၂၀၂၄ (ရန်ကုန်)၊ ၅၉/၂၀၂၄(ရန်ကုန်)၊ ၆၀/၂၀၂၄(ရန်ကုန်)၊ ၆၁/၂၀၂၄(ရန်ကုန်)၊ ၇၅/၂၀၂၄(ရန်ကုန်)၊ ၇၇/၂၀၂၄(ရေဝတီ)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၆) မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

"(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ပေးပို့၍ ဂုဏ်ပြုမိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဂုဏ်ပြုမိန့်ခွန်းအား ရှေ့ဖုံးတွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ညီလာခံသို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ပါမောက္ခများ၊ ပြည်တွင်းပြည်ပမှ သုတေသီပညာရှင်များ၏ အခြေခံသုတေသန (Basic Research)၊ အသုံးချသုတေသန (Applied Research)၊ လူမှုရေးနှင့် ကျန်းမာရေးစနစ် သုတေသန(Social Sciences/Health System Research) ဆိုင်ရာသုတေသနစာတမ်းများကို တင်သွင်းဖတ်ကြားပြသကြမည်ဖြစ်သဖြင့် မျက်မှောက်ခေတ် ပြည်သူလူထု၏ ကျန်းမာရေးပြဿနာများအတွက် အဖြေရှာနိုင်မည့် အလွန်တန်ဖိုးရှိသော သုတေသနတွေ့ရှိချက်များကို တင်ပြကြမည်ဟု ယုံကြည်ပါကြောင်း။




ညီလာခံရက်များအတွင်း ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲများဖြစ်သည့် "မြန်မာ–ကိုရီးယား ပူးတွဲ၍ တီဘီရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် ငှက်ဖျားရောဂါ သုတေသနဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၅)" – "Myanmar–Korea Joint Symposium (2025)"၊ "ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့် အချက်အလက်များ ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဘဝမြှင့်တင်စေရန် ဆောင်ရွက်ခြင်း" – "Promoting a Healthy Lifestyle and Addressing Health Risk Behaviors"၊ "သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်စ်ရောဂါများ၏ ဗိုင်းရပ်စ်ပိုးဆိုင်ရာနှင့် သွေးရည်ကြည်ပြောင်းလဲမှုဆိုင်ရာများကို မီးမောင်းထိုးပြခြင်း"– "Virological and Immunological Highlights of Dengue, Chikungunya and Zika Virus Infections in Myanmar"၊ "ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence)ကို ဆေးပညာတွင် အသုံးပြု၍ ကျန်းမာရေးမျိုးဆက်သစ်များကို ပုံဖော်မွေးထုတ်နိုင်ရန် ဆောင်ရွက်နေမှု" – "Artificial Intelligence: Shaping the Next Generation of Health Professionals" နှင့် ပညာရပ်ဆိုင်ရာဟောပြောပွဲတစ်ခုတို့ကို ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများဖြင့် ကျင်းပသွားမည်ဖြစ်သည်ဟု သိရှိရကြောင်း။

ထို့ပြင် ကိုရီးယားနှင့်မြန်မာ သုတေသီများ၏ ညီလာခံအကြိုလှုပ်ရှားမှု (Pre–conference acti–vitiy)တွင် တီဘီဆေးအသစ်ယဉ်ပါးမှုဆိုင်ရာ ဓာတ်ခွဲလုပ်ငန်းများ၊ မျိုးဗီဇတစ်ခုလုံးကို လေ့လာခြင်း (Whole genome sequencing) ဆိုင်ရာ စာတွေ့လက်တွေ့လုပ်ဆောင်မှုများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံမှ သုတေသီများ၊ ဓာတ်ခွဲပညာရှင်များ၊ ဓာတ်ခွဲကျွမ်းကျင်များအနေဖြင့် နည်းပညာကျွမ်းကျင်မှုများ တိုးတက်ရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ သုတေသနစာတမ်းရှင်များသည် သုတေသနတွေ့ရှိချက်များကို ညီလာခံသို့ စာတမ်းတင်သွင်းရုံမျှမကပဲ ပြည်တွင်းပြည်ပ သုတေသနဂျာနယ်များတွင် ဖော်ပြနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းနှင့် သုတေသနပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ အေးအေးခင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးသုတေသနပညာရှင်များ၊ စာတမ်းဖတ်ကြားမည့် အဓိကသုတေသီများနှင့် ပြည်ပပညာရှင်များသည် သုတေသနပိုစတာပြပွဲကို လှည့်လည်ကြည့်ရှုကြသည်။

ညီလာခံသို့ တင်သွင်းလာသည့်စာတမ်းများမှ အကောင်းဆုံးအခြေခံ သုတေသန (Basic Research) စာတမ်းဆုများ၊ အကောင်းဆုံးလက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းဆုများ၊ အကောင်းဆုံးကျန်းမာရေးစနစ်သုတေသန (Health Systems Research) စာတမ်းဆုများ၊ အကောင်းဆုံးပိုစတာစာတမ်းဆုများနှင့် လူငယ်သုတေသီဆုများကို စာတမ်းဆုရွေးချယ်ရေးဆပ်ကော်မတီက စိစစ်ရွေးချယ်၍ ဆုများချီးမြှင့်သွားရန် စီစဉ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံစာတမ်းဖတ်ပွဲများကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော "(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ"ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ဇန်နဝါရီ ၂၀ မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိသည်။

ညီလာခံပထမနေ့တွင် ပုံမှန်ကိုယ်အလေးချိန်ရှိသော်လည်း အသက်လတ်ပိုင်း (၄၀ – ၆၀ အတွင်းရှိ) အဆီများနေသောသူများကို တွေ့ရှိရမှုနှင့် ယင်းတို့နှင့်ဆက်စပ်နေသော နှလုံးသွေးကြောဆိုင်ရာ အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်နှစ်ခုတွင် လေ့လာခြင်း သုတေသနစာတမ်း၊ မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီးသူများတွင် ကိုယ်လက်ကြံ့ခိုင်မှုအားလေ့လာခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့သော တစ်ကြိမ်လေ့လာမှု သုတေသနတွင် တွေ့ရှိခဲ့သော ကာယကြံ့ခိုင်မှုပျံ့နှံ့မှု သုတေသနစာတမ်း၊ သက်ကြီးရွယ်အိုလူနာများ၏ အာဟာရအခြေအနေနှင့် အားအင်ချည့်နဲ့ခြင်းတို့၏ ဆက်စပ်မှုကို လေ့လာခြင်း သုတေသနစာတမ်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ သွေးဆိပ်သင့်လူနာများတွင် တွေ့ရှိသည့် ပြင်းထန်သော Escherichia coli မျိုးကွဲများကို ဉာဏ်ရည်တုနည်းပညာသုံး ဇီဝသတင်းအချက်အလက်တွက်ချက်နည်းများဖြင့် မျိုးဗီဇတစ်ခုလုံးကိုလေ့လာခြင်း သုတေသနစာတမ်း၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး သွေးကင်ဆာလူနာများ၏ ခန့်မှန်းဆယ်နှစ်တာ အသက်ရှင်မှု သုတေသနစာတမ်းများကို စာတမ်းရှင်များက ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆေးသုတေသနဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ International Tuberculosis Research Centre တို့အကြား ဆောင်ရွက်မည့် Letter of Intent ကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာအေးအေးခင်နှင့် ကိုရီးယားသမ္မတနိုင်ငံ International Tubercul–osis Research Centre, Chairman of the Board, Dr Sundae Song တို့က လက်မှတ်ရေးထိုးကြသည်။ **(ယာပုံ)**




ထို့နောက် မြန်မာ–ကိုရီးယားပူးတွဲနှီးနှောဖလှယ်ပွဲ(၂၀၂၅)ကို "ဆေးယဉ်ပါးတီဘီရောဂါ၊ အသည်းရောင်အသားဝါဘီနှင့် ငှက်ဖျားရောဂါတို့ကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် ရောဂါရှာဖွေရေးနှင့် ကုသရေးနည်းလမ်းသစ်များဆီသို့" ခေါင်းစဉ်ဖြင့် ကျင်းပသည်။

အဆိုပါနှီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံ ကူးစက်ရောဂါများထိန်းချုပ်ရေးဆိုင်ရာ အတွေ့အကြုံများနှင့် ခြုံငုံသုံးသပ်ချက်၊ ဆေးယဉ်ပါးတီဘီနှင့် ပြင်းထန်ဆေးယဉ်ပါးတီဘီ (MDR နှင့် Pre–XDR) တို့ကို မိနစ် ၄၀ အတွင်း တစ်ပြိုင်နက်တည်း လျင်မြန်စွာသိရှိနိုင်သည့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ မြန်မာနိုင်ငံရှိအသည်းရောင် အသားဝါဘီပိုး၏ မျိုးရိုးဗီဇပြောင်းလဲမှုဆိုင်ရာ မော်လီကျူး ဇီဝဗေဒဆိုင်ရာဆက်စပ်မှုနှင့် ဗိုင်းရပ်စ်တိုက်ဖျက်ရေးဆိုင်ရာ တိုးတက်တွေ့ရှိချက်များ၊ ငှက်ဖျားဆေးယဉ်ပါးမှုကို ကျော်လွှားရန် အလားအလာရှိသော Ubiquitin–Proteasome စနစ်ကို အဓိကထားသည့် နည်းဗျူဟာသစ်၊ မြန်မာနိုင်ငံတွင် တီဘီရောဂါ၊ ဗိုင်းရပ်စ်အသည်းရောင်ရောဂါ၊ ငှက်ဖျားဆေးယဉ်ပါးမှုဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ပညာရှင်များက ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် သုတေသီများက မေးမြန်းဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

❒ *ကျောဖုံးမှ*

ထို့အပြင် ၎င်းဒေသများ၌ **အွန်လိုင်းလိမ်လည်မှု၏ အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားနှင့် အင်တာနက်လိုင်းအဆက်အသွယ်ကို မြန်မာနိုင်ငံအတွင်းမှ ရရှိခြင်းမဟုတ်ဘဲ တစ်ဖက်နိုင်ငံမှတစ်ဆင့် ရယူနေခြင်းဖြစ်ကြောင်းနှင့် အခြေခံအဆောက်အဦများနှင့် ရင်းနှီးမြှုပ်နှံမှု အများစုသည်လည်း ပြည်ပ အဖွဲ့အစည်းများမှ လာရောက် ရင်းနှီးမြှုပ်နှံထားခြင်း** ဖြစ်ကြောင်းကို တွေ့ရှိရသည်။ အဆိုပါ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများ လုပ်ဆောင် နေကြသူများသည် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများကို ၂၀၁၅ ခုနှစ်ခန့်မှစ၍ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ တို့တွင် လုပ်ကိုင်ခဲ့ကြပြီး ၂၀၁၉ ခုနှစ်နောက်ပိုင်း၌ မြန်မာနိုင်ငံသို့ ရောက်ရှိ လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

၎င်းဒေသ ထိုင်း - မြန်မာ (မဲဆောက် - မြဝတီ) နှစ်နိုင်ငံနယ်စပ်၌ ပျောက်ဆုံးသွားခဲ့သည့် တရုတ်နိုင်ငံသား Mr. Wang Xing (ရုပ်ရှင်သရုပ်ဆောင်)ကို ၎င်းနှင့် ဆက်စပ်သည့် အဖွဲ့အစည်းများက အချင်းချင်းချိတ်ဆက်၍ ထိုင်းနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် သတင်းကိုလည်း သတင်းမီဒီယာများ၌ ဖော်ပြခဲ့ကြသည်။ ဖြစ်စဉ်နှင့် စပ်လျဉ်း၍ စိစစ်ချက်များအရ Mr. Wang Xing ကို ထိုင်းနိုင်ငံ အခြေစိုက်အနုပညာကုမ္ပဏီတစ်ခု ဖြစ်သော GMM Grammy ၏ WeChat Account မှတစ်ဆင့် တရုတ်နိုင်ငံသားတစ်ဦးက ဆက်သွယ်လာပြီး ထိုင်းနိုင်ငံ၌ သရုပ်ဆောင်အဖြစ် လာရောက်လုပ်ကိုင်ရန် စည်းရုံးခဲ့သဖြင့် ဇန်နဝါရီ ၃ ရက်တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မှ ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် ဘန်ကောက်မြို့မှ တာ့ခ်ပြည်နယ် မဲဆောက်မြို့ မဲ့ကွန်းကန်ရွာအနီးရှိ သောင်ရင်းမြစ်ကမ်း (ထိုင်းနိုင်ငံဘက်ခြမ်း)သို့ရောက်ရှိပြီးနောက် လှေဖြင့် မြန်မာနိုင်ငံဘက်ခြမ်း၊ မြဝတီ - ရွှေကုက္ကိုလ်နယ်မြေသို့ ခေါ်ဆောင်ခြင်းခံခဲ့ရကြောင်း။

ထို့နောက် အဆောက်အဦတစ်ခုသို့ ပို့ဆောင်ခြင်းခံခဲ့ရပြီး ကွန်ပျူတာစာစီစာရိုက် ကျွမ်းကျင်စေရန် ဦးစွာလေ့ကျင့်ပေးခဲ့ကြောင်းနှင့် ယင်းအဆောက်အဦ၌ တရုတ်နိုင်ငံသား ၁၀ ဦးခန့် တွေ့ရှိခဲ့ကြောင်း၊ ယင်းနောက် ဒုတိယအဆောက်အဦ တစ်ခုသို့ ဆက်လက်ရောက်ရှိခဲ့ပြီး ခေါင်းတုံးတုံးပေးခဲ့ကြောင်းနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ကိုင်ရန် စေခိုင်းခြင်းခံခဲ့ရကြောင်း၊ အဆိုပါနေရာသည် အွန်လိုင်းလောင်းကစားလိမ်လည်သည့် နေရာဖြစ်ပြီး အဆောက်အဦအတွင်း တရုတ်

တရားမဝင် အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေပြပုံ။




တရားမဝင် အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် KK Park နယ်မြေပြပုံ။






မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလောင်းကစားမှုကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများအလိုက်သို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။




နိုင်ငံသား ၅၀ ခန့်ရှိကြောင်း၊ ယင်းနောက် မိသားစုနှင့် အဆက်အသွယ်ရရှိခဲ့ပြီး ဇန်နဝါရီ ၇ ရက်တွင် **အဆိုပါနယ်မြေအတွင်းရှိ ၎င်းနှင့် ပတ်သက်ခဲ့သည့်အဖွဲ့အစည်းများက တာ့ခ်ပြည်နယ်၊ မဲဆောက်မြို့၊ ထဆောင်လွတ်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဝမ်သခီရန်သိုင့်ကျေးရွာရှိ အမှတ် (၃၄) ဂိတ်မှတစ်ဆင့် ၎င်းတရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့**ကြောင်း၊ ယင်းနောက် ညပိုင်းတွင် ဘန်ကောက်မြို့ရှိ လူကုန်ကူးခံရသူများ စောင့်ရှောက်ရေးဌာန (ဒွန်မောင်းဂေဟာ)သို့ ၁၀ ရက်နေ့တွင် တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် အမှတ်(၅)ရပ်ကွက် ချစ်ကြည်ရေးလမ်း သံတံတားအနီးတွင် တရုတ်နိုင်ငံသား Mr. Cheng Xiao Ning ပါ ၃ ဦးအား တွေ့ရှိခဲ့သဖြင့် စိစစ်ဖော်ထုတ်ခဲ့ရာ ၎င်းတို့သည် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ချိတ်ဆက်မှုအမျိုးမျိုးဖြင့် ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်ခြမ်းသို့ တရားမဝင် ဝင်ရောက်ခဲ့သူများဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့် ငွေကြေး လိမ်လည်သည့်လုပ်ငန်းကို လုပ်ကိုင်နေကြရသူများဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် လစာရရှိခြင်းမရှိသဖြင့် ထွက်ပြေးလာသူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ မြဝတီမြို့ အမှတ် (၄)ရပ်ကွက် ဘုရင့်နောင်လမ်း နတ်သျှင်နောင် မီးပွိုင့်အနီး၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား Mr. Yin Jie နှင့် Mr. Huang Xiang တို့ ၂ ဦးအား တွေ့ရှိသဖြင့် စိစစ်ဖော်ထုတ်ခဲ့ရာ ၎င်းတို့သည် ၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများပြုလုပ်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားရရှိရန်၊ အင်တာနက်ဆက်သွယ်မှုရရှိရန်နှင့် တရားမဝင်လုပ်ငန်းအတွက် လက်နက်ခဲယမ်းများနှင့် အဆောက်အဦများရှိရန် အခြေခံလိုအပ်မည်ဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် ယင်းအခြေခံအချက်အလက်များကို တစ်ဖက်နိုင်ငံကို အခြေခံ၍ ရယူသုံးစွဲနေခြင်းသာဖြစ်သည်။ လုပ်ငန်း လုပ်ဆောင်နေသူများအနေဖြင့်လည်း မြန်မာနိုင်ငံမှ မဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်နေထိုင်၍ ရင်းနှီးလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများပင် ဖြစ်သည်။ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ ပပျောက်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အနေဖြင့်လည်း အပြုသဘောဆောင်သည့် ပူးပေါင်း ဆောင်ရွက်မှုများဖြင့် အတူတကွ ဝိုင်းဝန်းတိုက်ဖျက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အချို့သောနယ်စပ်ဒေသများ၏ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် အခွင့်ကောင်းယူ၍ ပြည်ပနိုင်ငံသားအချို့အနေဖြင့် EAO လက်နက်ကိုင်အဖွဲ့များအပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ၏ ပါဝင်ပတ်သက်မှုများဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများကို ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိသဖြင့် စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ အများစုသည် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ ကိုယ်ကျိုးစီးပွားအတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင် ဝင်ရောက်လာကြသူများဖြစ်ကြောင်း တွေ့ရှိရသော်လည်း **နိုင်ငံတော်အစိုးရ**

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

**အနေဖြင့် ၎င်းတို့ကို တရားမဝင် ဝင်ရောက်လာသူများ ဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေး၍ သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးလျက်ရှိသည်။** တရားမဝင် ဝင်ရောက်နေထိုင်၍ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ ကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခဲ့ရာ နယ်စပ်ဒေသများဖြစ်သည့် လောက်ကိုင်၊ မူဆယ်၊ တာချီလိတ်၊ မြဝတီမြို့များအပါအဝင် အခြားနယ်စပ်ဒေသများမှ ဖော်ထုတ်ရရှိသည့် တရားမဝင်ဝင်ရောက်နေသူများကို သက်ဆိုင်ရာ နိုင်ငံအလိုက် ပြန်လည်လွှဲပြောင်းပေးလျက်ရှိရာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်အထိ တရုတ်နိုင်ငံသို့ ၅၃၃၈၈ ဦး၊ ထိုင်းနိုင်ငံသို့ ၆၄၈ ဦး၊ ကိုရီးယားနိုင်ငံသို့ ၂၀ ဦး၊ လာအိုနိုင်ငံသို့ ၂၂ ဦး၊ ဗီယက်နမ်နိုင်ငံသို့ ၁၁၄၉ ဦး၊ ဖိလစ်ပိုင်နိုင်ငံသို့ ၁၉ ဦး၊ မလေးရှားနိုင်ငံသို့ ၁၄၂ ဦး၊ တရုတ်(တိုင်ပေ)သို့ ၂၁ ဦး၊ စင်ကာပူနိုင်ငံသို့ ၂ ဦး၊ ပိုလန်နိုင်ငံသို့ ၁ ဦး၊ စပိန်နိုင်ငံသို့ ၁ ဦး၊ ရုရှားနိုင်ငံသို့ ၁၃ ဦး၊ အင်ဒိုနီးရှားနိုင်ငံသို့ ၃၈ ဦး၊ ယူဂန်ဒါနိုင်ငံသို့ ၃ ဦး၊ အီဂျစ်နိုင်ငံသို့ ၂ ဦး၊ ကမ္ဘောဒီးယားနိုင်ငံသို့ ၃ ဦး၊ အိန္ဒိယနိုင်ငံသို့ ၉၆ ဦး၊ မော်ရိုကိုနိုင်ငံသို့ ၁၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသို့ ၂၉ ဦး၊ နီပေါနိုင်ငံသို့ ၂၆ ဦး၊ ပါကစ္စတန်နိုင်ငံသို့ ၃ ဦး၊ မြောက်အိုင်ယာလန်နိုင်ငံသို့ ၂ ဦး၊ ကာဇက်စတန်နိုင်ငံသို့ ၁ ဦး၊ ကင်ညာနိုင်ငံသို့ ၂ ဦး၊ သီရိလင်္ကာနိုင်ငံသို့ ၆၀ ဦး၊ တောင်အာဖရိကနိုင်ငံသို့ ၁ ဦး၊ တရုတ်-ဟောင်ကောင်သို့ ၁ ဦး၊ ဆီရီယာလီ ယွန်နိုင်ငံသို့ ၂ ဦး၊ ဂါနာနိုင်ငံသို့ ၁ ဦး၊ ဘူရွန်ဒီနိုင်ငံသို့ ၁ ဦး၊ တာ့ခ်မင်နစ္စတန်နိုင်ငံသို့ ၁ ဦး၊ စုစုပေါင်း ၅၅၇၁၁ ဦးအား ပြန်လည် လွှဲပြောင်းပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း စိစစ်ဖော်ထုတ်မှုများကို ဆောင်ရွက်လျက်ရှိသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလောင်းကစားမှုကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများအလိုက်သို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာမှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီစိစစ်နိုင်ရန်၊ အမြန်ဆုံး တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်နိုင်ရန်အတွက် ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အထိ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အပါအဝင် အာရှ၊ ဥရောပ၊ တရုတ်နိုင်ငံနှင့် တောင်အာဖရိကဒေသရှိ နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ၄၁၇၆ ဦး (အမျိုးသား ၃၄၁၅ ဦး၊ အမျိုးသမီး ၇၆၁ ဦး) ကို ကူညီစုံစမ်းရှာဖွေပေးရန် သံတမန်လမ်းကြောင်း၊ အင်တာပိုလ်ရဲ ဆက်သွယ်ရေးလမ်းကြောင်းနှင့် ရဲဆက်ဆံရေးလမ်းကြောင်းများမှ တစ်ဆင့် အကြောင်းကြားသည့် စာများလက်ခံရရှိခဲ့သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အထိ အမျိုးသား ၉၅၈ ဦး၊ အမျိုးသမီး ၃၃၄ဦး ပေါင်း ၁၂၉၂ ဦး ကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သဖြင့် ၁၂၈၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းခဲ့ပြီး ဖြစ်ကာ ဗီယက်နမ် ၅ ဦး၊ ပါကစ္စတန် ၁ ဦး၊ တရုတ် ၂ ဦး ပေါင်း ၈ ဦးလွှဲရန် ကျန်ရှိကြောင်း၊ ကျန်ရှိသူ ၂၈၈၄ ဦးနှင့် ပတ်သက်၍ စဉ်ဆက်မပြတ် စုံစမ်းရှာဖွေလျက်ရှိပြီး ထူးခြားမှုရှိပါက သက်ဆိုင်ရာသံရုံးနှင့်နိုင်ငံများသို့ အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ပေးလျက်ရှိသည်။ မြန်မာ-တရုတ်နှစ်နိုင်ငံပူးပေါင်းပြီး မြန်မာနိုင်ငံ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ Online Scam Center များကို တားဆီးနှိမ်နင်းမှု ၂ ကြိမ် ဆောင်ရွက်ခဲ့သည်။ ပထမအကြိမ်ကို ၂၀၂၄ ခုနှစ် မတ် ၂၈ ရက်မှ ၃၁ ရက်အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ ၂၆ ရက်အတွင်း ဆောင်ရွက်ခဲ့သည်။

အွန်လိုင်း လိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများနှင့် ပတ်သက်၍ လုပ်ဆောင်နေသူများသည် သာမန်လူများမဟုတ်ကြဘဲ သက်ဆိုင်ရာနိုင်ငံများ၌ ရာဇဝတ်မှုများဖြစ်ပြီး တိမ်းရှောင်ထွက်ပြေးနေရသည့်လောင်းကစားလုပ်နေကြသူများက ဦးဆောင်နေကြခြင်းပင်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ထုတ်ပြန်ခဲ့မှုအရ **“တရုတ်များက မြန်မာများကို လိမ်ခြင်းမဟုတ်သကဲ့သို့ မြန်မာများက တရုတ်များကိုလိမ်ခြင်းလည်း မဟုတ်ပါ၊ ရာဇဝတ်မှုကျူးလွန်ထားပြီး အပြစ်ရှိသည့် ပြည်ပြေးလူတစ်စုမှ မိမိတို့နှစ်နိုင်ငံလုံးကို လိမ်နေခြင်းပင်ဖြစ်သဖြင့် အပြစ်ရှိသူများကို ဖော်ထုတ် အရေးယူသွားရမည်ဖြစ်ပြီး အကာအကွယ်ပေးသူများကိုလည်း အရေးယူရမည်ဖြစ်”** ပါသည်။

သို့ဖြစ်ပါ၍ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ ကျူးလွန်နေကြသူများသည် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိသဖြင့် **တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အပြည့်အဝစိုးမိုးအုပ်ချုပ်ရန် အခက်အခဲနှင့် ကန့်သတ်ချက်များရှိသည့် ဒေသများကို ပစ်မှတ်ထား၍ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအချို့ အပါအဝင် လက်နက်ကိုင် အဖွဲ့အစည်းများ၊ ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများနှင့် ပူးပေါင်းကာ လုပ်ဆောင်လျက်ရှိ** ကြသဖြင့် နိုင်ငံတော်အနေဖြင့် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်လျက်ရှိသည်။ ဒေသဆိုင်ရာ အဖွဲ့အစည်းများ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့်လည်း ၎င်းအွန်လိုင်းလိမ်လည်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိပါက သက်ဆိုင်ရာသို့ ပေးပို့ခြင်းဖြင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ ပူးပေါင်းတိုက်ဖျက်သွားကြပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလောင်းကစားမှုကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများအလိုက်သို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

## အမရပူရမြို့နယ်၌ ဓားဖြင့်ထိုးပြီး ဆိုင်ကယ်လုယက်သူနှစ်ဦးအား အမရပူရတရားရုံးက ပြစ်ဒဏ်ချမှတ်

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကြည့်မြင်တိုင် (အထကခွဲ) အလယ်တန်းပြဆရာမ ဒေါ်အေးမြခိုင်သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က Scoopy ဆိုင်ကယ် MDY/----- အနက်ရောင်ဖြင့် စီးနင်းလာစဉ် တပ်ကြီးကျေးရွာ အိုးထုပ်တန်းတိုးဂိတ် အကျော်အရောက်တွင် အောင်ခန့်ကျော်(ခ) ဖြိုးဝင်း (ခ)ကျော်ကြီးနှင့် ခန့်ဇင်လင်းတို့က ဒေါ်အေးမြခိုင်ကို အသက်သေဆုံးအောင် ဓားဖြင့်ထိုးပြီး ဆိုင်ကယ်လုယက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါပြစ်မှုကျူးလွန်နေသည်ကို တာဝန်သိပြည်သူတစ်ဦးက ဆိုင်းကယ်စီးနင်းထွက်ပြေးသည့် ပြစ်မှုကျူးလွန်သူနှစ်ဦးကို ပတ်ဝန်းကျင်အကူအညီဖြင့် ဝိုင်းဝန်းဖမ်းဆီးနိုင်ခဲ့ကာ ရဲတပ်ဖွဲ့ထံ သတင်းပေးတိုင်ကြားခဲ့သည်။

ယင်းအမှုကို အမရပူရမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူ နှစ်ဦးကို အမရပူရခရိုင်သို့ တရားစွဲတင်ပို့စစ်ဆေးခဲ့ကာ ဇန်နဝါရီ ၂၀ ရက်တွင် ပြစ်မှုကျူးလွန်သူ အောင်ခန့်ကျော် (ခ)ဖြိုးဝင်း (ခ) ကျော်ကြီးနှင့် ခန့်ဇင်လင်းတို့နှစ်ဦးအပေါ် သေဒဏ်အမိန့်ချမှတ်ခဲ့ကြောင်း အမရပူရခရိုင်တရားရုံးမှ သိရသည်။

**စိုးသီဟ(အမရ)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေ များအရ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား Exploring Myanmar Culture & Tourism Organization ၏ အမှုဆောင်ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား Exploring Myanmar Culture &Tourism Organization ၏ အမှုဆောင် ဥက္ကဋ္ဌ Mr. David Liu သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်ဖက်သတင်းမီဒီယာကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရအချင်းချင်း သာမက ပြည်သူအချင်းချင်းပါ ချစ်ကြည်ရင်းနှီးရေးအတွက် မီဒီယာမှတစ်ဆင့် ဖော်ဆောင်နိုင်ရေး၊ မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်၊ သတင်းမှန်များကို တရုတ်နိုင်ငံပြည်သူများ သိရှိအောင် မီဒီယာပလက်ဖောင်းမျိုးစုံမှ ဖော်ပြနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။



ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံတို့အကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၂၃ ခုနှစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တရုတ်ဗဟိုအသံနှင့် ရုပ်မြင်သံကြားဌာန China Media Group (CMG) တို့သည်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာန (GXRTV) တို့သည် လည်းကောင်း၊ Yunnan International Channel ၏ အွန်လိုင်းရုပ်မြင်သံကြား ထုတ်လွှင့်မှု Platform ဖြစ်သည့် Yunnan Media Group မှ တည်ဆောက်ထားသော Mekong Look App တွင် ပူးပေါင်းဆောင်ရွက်ရေးမူဘောင် (Mekong Look App Cooperation Framework) ကို လည်းကောင်း၊ ၂၀၂၄ ခုနှစ်တွင် ဆင်ဟွာသတင်းအေဂျင်စီနှင့် လည်းကောင်း၊ MYANSAT DTH အမည်ဖြင့် ရုပ်သံလိုင်းများ ထုတ်လွှင့်သည့် Borderless Broadcast Co.,Ltd. နှင့် DTH စနစ်ဖြင့် ရုပ်သံလိုင်းများ ထုတ်လွှင့်ရန်လည်းကောင်း ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး Borderless Broadcast Co.,Ltd. သည် China Rocket ကုမ္ပဏီလီမိတက်၊ Laosat ကုမ္ပဏီနှင့် ပူးပေါင်း၍ Laosat 1 Satellite ကို အသုံးပြုကာ China Aerospace Science and Technology Corporation (CASC) ၏ Multi Village Plan၊ Sky Star Class Room Plan တို့ဖြင့် မြန်မာနိုင်ငံနယ်စပ်ဒေသအထိ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာအသိပညာ၊ လူငယ်များအတွက် ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်းရဲနွမ်းပါးမှုများ လျှော့ချနိုင်ရန်၊ နှစ်နှစ်အတွင်း မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၄၂ ရွာမှ ကျေးရွာပေါင်း ၁၀၀ အထိ MYANSAT DTH စက်ပစ္စည်းများအပြင် TV နှင့် Solar စနစ် Battery များကို အဆင့်လိုက် တိုးချဲ့လှူဒါန်းနိုင်ရန် China AID အကူအညီရယူပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း ဂုဏ်ပြုပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပညာရေး ဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ လူမှုရေး အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာနနှင့် နေပြည်တော် ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ မြို့နယ် ရှစ်မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းတွင် သင်ကြားပေးခဲ့သည့် စေတနာလုပ်အားပေးနည်းပြများ၊ ကြီးကြပ်များနှင့် စာသင်သား ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပျဉ်းမနားမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူလေးများက "စာတတ်မြောက်ရေးဝိုင်းကူပေး" သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသင်ပညာရေးနည်းလမ်းနှင့် မသင်ကြားခဲ့ရသူများ၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ကျောင်းပြင်ပသို့ ရောက်ရှိနေကြသည့် ကျောင်းနေအရွယ်လွန်ကလေးများအား အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ကျောင်းပြင်ပ ပညာရေးနည်းလမ်းဖြင့် ဒုတိယအကြိမ် သင်ယူမှုအခွင့်အလမ်းရရှိစေရေး ဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ စဉ်ဆက်ပညာရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊




စဉ်ဆက်ပညာရေးကိုပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) သတ်မှတ်မြို့နယ်များတွင် ရှေ့ပြေးအဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေတွင် ယခုလို ဂုဏ်ပြုပွဲ ကျင်းပခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် ဧပြီလနှင့် မေလအတွင်းက အမျိုးသားရေး လှုပ်ရှားမှုအသွင် အခြေခံ စာတတ်မြောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးခု၊ ဇရိယာ ခြောက်ခုတို့တွင် နောက်ဆက်တွဲ လုပ်ငန်းဖြစ်သည့် စဉ်ဆက်ပညာရေး လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းအောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ် ရှစ်မြို့နယ် စဉ်ဆက်ပညာရေး လုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ခဲ့သည့် နေပြည်တော်ကောင်စီနှင့် စေတနာလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် နည်းပြနှင့် ကြီးကြပ် ကိုယ်စားလှယ် နှစ်ဦးတို့အား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် စဉ်ဆက်ပညာရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အခြေခံစာတတ်မြောက်ရေး လုပ်ငန်း၊ စဉ်ဆက်ပညာရေး လုပ်ငန်း၊ ကျောင်းပြင်ပမူလတန်း ပညာရေးနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး စသည့်တန်းညှိပညာရေး အစီအစဉ်များကို နေပြည်တော်ကောင်စီအနေဖြင့် နှစ်အလိုက် တိုးချဲ့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် မြို့နယ်ရှစ်မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ခဲ့သည့် နေပြည်တော် ပညာရေးမှူးရုံးနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းတွင် သင်ယူတက်ရောက်ခဲ့သည့် စာသင်သားကိုယ်စားလှယ် နှစ်ဦးတို့ကို ဂုဏ်ပြုလွှာနှင့် သင်ယူပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ပြီး စာသင်သားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "လူတိုင်းအတွက်ပညာရေး" သီချင်းဖြင့် သီဆိုဂုဏ်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စဉ်ဆက်ပညာရေးလုပ်ငန်း ဂုဏ်ပြုပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆီးနေကြာ အထွက်နှုန်းပြည့်မီစေရေး ပညာပေးဟောပြော

**ညောင်ရွှေ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ နေကြာစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူများအား ဆီးနေကြာပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး ပညာပေးဟောပြောပွဲကို မိုင်းသောက်ကျေးရွာ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ရှရှားရွက်ဖျန်းအားဆေးမှ တာဝန်ရှိသူတို့က ဆီးနေကြာစိုက် သမဝါယမအသင်းသား တောင်သူများအား အချိန်ကာလအလိုက် ဆောင်ရွက်သင့်သည့် အခြေအနေများ၊ သဘာဝမြေဩဇာ ပိုးသတ်ဆေး အသုံးပြုရမည့် အချိန်အား ရှင်းလင်းပြောကြားပြီး သမဝါယမအသင်းသား တောင်သူများ၏ သိလိုသည်များကို ပြန်လည်ရှင်းလင်းသည်။

အဆိုပါပညာပေးဟောပြောပွဲသို့ မြပုလဲစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်း၊ ရောင်နီဦးလယ်ယာနှင့် အထွေထွေ သမဝါယမအသင်းနှင့် ပင်မြင့်စိုက်ငွေစုငွေချေး သမဝါယမအသင်းတို့မှ အသင်းသားတောင်သူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် နက္ခတ်တာရာပြခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ သစ်တောသုတေသနဌာန(ရေဆင်း) ဧည့်ရိပ်သာဆောင် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်တိရစ္ဆာန်ဥယျာဉ် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး နေပြည်တော် တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်တို့ကို ပြည်သူများ လာရောက်အပန်းဖြေအနားယူနိုင်ရန်၊ ဗဟုသုတရစေရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ်သဘောတရားများကို သိရှိနားလည်စေရန် ရည်ရွယ်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများ သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာပညာရပ်များ လေ့လာသင်ယူမှုနှင့် သုတေသနဆိုင်ရာလုပ်ငန်းများအတွက်လည်း များစွာအထောက်အကူပြုကြောင်း၊ ဥယျာဉ်အတွင်းရှိ တိရစ္ဆာန်များ၏ ကျန်းမာရေးကို ပုံမှန်စစ်ဆေးမှုများ ပြုလုပ်သွားရန်နှင့် အစားအစာများအား သတ်မှတ်ချက်များနှင့်အညီ ဂရုတစိုက် ကျွေးမွေးစောင့်ရှောက်သွားရန် လိုကြောင်း၊ ထို့ပြင် ရှားပါး၍ မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် မျိုးစိတ်များ မျိုးဆက်ပြန့်ပွားနိုင်ရန်အတွက် ထိန်းသိမ်းမွေးမြူသွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိရစ္ဆာန်ဥယျာဉ်အတွင်း ပြကွက်တစ်ခုချင်းအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပြုပြင်ဆောင်ရွက်နေမှုများ၊ နက္ခတ်တာရာပြခန်း၊ ပြကွက်များနှင့် ဆာဖာရီဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း (၅ / ၂၀၂၅) ဖွင့်လှစ်



**နေပြည်တော် ဇန်နဝါရီ ၂၀**

ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၅/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဥပဒေအသိပညာများ ကျယ်ပြန့်စွာသိရှိနိုင်စေရန်အတွက် ကျန်ရှိသည့် အရာထမ်း၊ အမှုထမ်းများအတွက်လည်း ဆက်လက်ဖွင့်လှစ်ပို့ချသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေအသိပညာများ သိရှိခြင်းဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ အကျိုးရှိစွာ လက်တွေ့အသုံးချဆောင်ရွက်နိုင်မည်ဖြစ်ပြီး တာဝန်များကိုလည်း အမှားအယွင်းမရှိ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း ဥပဒေဘာသာရပ်များ သင်ယူပြီးပါကလည်း စဉ်ဆက်မပြတ်လေ့လာဆည်းပူးကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ ဗဟိုတာဝန်ခံများ အစည်းအဝေးကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ ဗဟိုတာဝန်ခံများ အစည်းအဝေးကို ယနေ့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။





အစည်းအဝေးဖွင့်ပွဲတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် သန့်လွင်မောင်က မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာသည် ဒေသတွင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် အရေးပါသော မူဘောင်တစ်ခု ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား တားဆီးနှိမ်နင်းရေး၊ ကုသရေးနှင့်ပြန်လည်ထူထောင်ရေး၊ ဘိန်းစိုက်ပျိုးမှုလျော့နည်း ပပျောက်ရေးနှင့် အစားထိုး ဖွံ့ဖြိုးရေးကဏ္ဍများကို အရှိန်အဟုန်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းကြောင့် အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ် သယ်ဆောင်ရောင်းဝယ်မှု အခြေအနေများနှင့် သယ်ဆောင်ရာ လမ်းကြောင်းပြောင်းလဲမှုများအပေါ် သုံးသပ်ပြီး အထူးစစ်ဆင်ရေးများကို နှစ်စဉ်စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့်လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ စစ်ဆင်ရေးများ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း။

**ပိုမိုထိရောက်စွာဆောင်ရွက်**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဓာတုပစ္စည်းများ ထိန်းချုပ်ရေးသည် မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှုမရှိစေရေးနှင့် လမ်းလွှဲမရောက်ရှိရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန်နှင့် UNODC အနေဖြင့်လည်း လိုအပ်ချက်များအပေါ် ကူညီဆောင်ရွက်ပေးစေ လိုကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာတွင် နိုင်ငံများအချင်းချင်း နိုင်ငံရေးရောယှက်မှု ကင်းရှင်းစွာဖြင့် သတင်းအချက်အလက် ဖလှယ်ခြင်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့် UNODC တို့ပူးပေါင်း၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ UNODC မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဒေသတွင်းမူးယစ်ဆေးဝါးအခြေအနေများ၊ ၂၀၂၅ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ (၆၈) ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင် အစည်းအဝေးတွင် မဲခေါင် MoU အဖွဲ့ဝင်နိုင်ငံများ၏ side event ပြုလုပ်သွားမည့် ကိစ္စရပ်များ၊ မဲခေါင်ဒေသခွဲလုပ်ငန်းစီမံချက်-၁၃(မူကြမ်း) ရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်တွင် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၂၀** နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁) ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်







အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသင်ကြားပေးခဲ့ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ကြားသိရပါသည်-

**မောင်ဝင်းပိုင်ဖြိုး**

သင်တန်း တက်ရောက်ဖြစ်တာကတော့ အသက် ၁၈နှစ်ကနေ ၃၅ နှစ် အသက်ပြည့်တဲ့အတွက် စစ်မှုထမ်းဥပဒေအရ လာရောက်တက်ရောက်ဖြစ်တာပါ။ သင်တန်းမှာသင်ကြားသွားမယ့် ဘာသာရပ်တွေကတော့ ထုတ်ပြန်ထားတဲ့ စည်းကမ်းနဲ့အညီ လိုက်နာသွားပါမယ်။ နိုင်ငံတော်က ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သွားပါမယ်။ သင်တန်းမတက်ခင်မှာ ကိုယ်မရောက်ဖူးတဲ့နေရာဆိုတော့ စိတ်လှုပ်ရှားတာပေါ့။ ရောက်လာတော့လည်း သူဟာနဲ့သူ အဆင်ပြေအောင်နေတတ် ထိုင်တတ်ပါတယ်။ အပြင်မှာတော့ ကိုယ်နေချင်သလိုနေ၊ ကိုယ်အိပ်ချင်သလိုအိပ်နေတာ၊ ထိုင်တာ၊ စားတာ၊ သောက်တာ အားလုံးစည်းကမ်းနဲ့ အလုပ်လုပ်တာဆိုတော့ အများကြီးကွာခြားတာပေါ့။ နောက်ဆုံးအိပ်ချိန် စားချိန်၊ ရေချိုးချိန်ကအစ အားလုံးသူ့စည်းသူ့ကမ်းနဲ့ နေရပါတယ်။

**မောင်ကျော်ဝင်းထွန်း**

နိုင်ငံတော် ကာကွယ်ဖို့အတွက်ရယ်၊ ယောကျ်ားကောင်း ယောကျ်ားမြတ်တွေဖြစ်ဖို့အတွက် ဒီကို သင်တန်းလာရောက် တက်ရောက်ဖြစ်တာပါ။ စည်းကမ်းပိုင်းဆိုင်ရာ အကျိုးကျေးဇူးတွေရရှိ







သလို ရှေ့ဆက်လျှောက်ရမယ့် အနာဂတ်အတွက်လည်း ထွန်းလင်းတောက်ပမှုတွေဖြစ်လာမှာကိုလည်း ကျွန်တော် ယုံကြည်ပါတယ်။ လက်နက်နဲ့ စစ်ရေးပြကို တတ်မြောက်တဲ့အတွက် အမျိုးဘာသာ သာသနာကိုလည်း ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ တစ်ချိန်တုန်းက တပ်မတော်သားတွေရဲ့ ဘဝကို မသိတဲ့အတွက် သူများပြောတာတွေကို ယုံကြည်မိခဲ့ပါတယ်။ အခုတပ်မတော် ယူနီဖောင်းကို ဝတ်လိုက်တဲ့အတွက် တပ်မတော်သားတွေရဲ့အရာအားလုံးကို ကိုယ်ချင်းစာမိပါတယ်။ သူများတွေပြောသလို မဟုတ်ဘူးဆိုတာ ကျွန်တော် ယုံကြည်လာမိပါတယ်။ နောက်အပတ်စဉ်တက်လာမယ့် လူငယ်တွေအားလုံး၊ မြန်မာနိုင်ငံအတွင်းမှာနေတဲ့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိတယ်လို့ ယုံကြည်ပါတယ်။

**မောင်နေမျိုးဇော်**

ယုံကြည်ချက် ခံယူချက်ကတော့ ပြည်သူ့စစ်မှုထမ်းမဖြစ်ခင်ကပင် တက်ချင်နေတာပါ။ ဘာဖြစ်လို့ဆိုတော့ ကျွန်တော်က နိုင်ငံသားတစ်ယောက်ဖြစ်နေတဲ့အတွက် တပ်မတော်ထဲကို ဝင်ရောက်ဖို့အတွက် အရင်ကလည်းစိတ်ပါနေတာပါ။ လာမယ့်ညီငယ်လေးတွေကိုလည်း ပြောခဲ့ပါတယ်။ ငါစစ်မှုထမ်းဖို့သွားမယ်။ မင်းတို့ စိတ်ဓာတ်တက်ကြွရင်လာခဲ့။ အဆင်သင့်ရှိနေမှာပါ။ ကျွန်တော့်ခံယူချက်ကတော့ တစ်နိုင်ငံလုံးကျွန်တော့်လိုမျိုး စိတ်ဓာတ်ရှိမယ်ဆိုရင် ဗုဒ္ဓဘာသာတွေဖြစ်တယ်။ ဘာသာ၊ သာသနာ၊ လူမျိုး သုံးခုစလုံးကို ကာကွယ်နိုင်တဲ့ အကျိုးကျေးဇူးလေးတွေ ရှိနိုင်ပါတယ်။ ဒီနိုင်ငံမှာမွေးပြီး ဒီနိုင်ငံမှာကြီးလာတဲ့လူတိုင်းဟာ ဒီလိုဖြစ်သင့်တယ်။ လုပ်လည်းလုပ်သင့်တယ်။ တစ်နေ့တစ်နေ့ကို နိုင်ငံအတွင်းမှာနေပြီး အကျိုးအမြတ်မရှိဘူး။ နိုင်ငံကို ကာကွယ်ဖို့အတွက် ဒီအတိုင်းနေရင် အကျိုးမရှိဘူး။ အဲဒါကြောင့် နိုင်ငံတော်က ပြည်သူ့စစ်ဥပဒေကို ထုတ်ပြန်တာလည်း ကောင်းတယ်။ ပြောမယ်ဆိုရင်တော့ နိုင်ငံတော်ကာကွယ်ဖို့ လူငယ်တိုင်းမှာ တာဝန်ရှိသွားတာပေါ့။ တာဝန်လည်းကျေသွားတာပေါ့။

**သတင်းစဉ်**



## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၀** စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၉/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် အသုံးအဆောင်ပစ္စည်းများကို ဂုဏ်ပြုပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(ဝဲပုံ) **သတင်းစဉ်**

# သတိပြုဆင်ခြင်ဖွယ် ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်

**ပေါက်ပေါက်**

ပလတ်စတစ်ညစ်ညမ်းမှု၏ အဓိကပြဿနာမှာ ပလတ်စတစ်သည် စက္ကူ၊ သစ်ရွက်မှိုက်၊ သစ်၊ ဝါးစသည့် အော်ဂဲနစ်ပစ္စည်းများကဲ့သို့ ဆွေးမြည့်ကွယ်ပျောက်ခြင်းမရှိဘဲ နှစ်ပေါင်းများစွာ တည်မြဲနေခြင်းကြောင့် ဖြစ်သည်။ ထိုမျှသာမက ပလတ်စတစ်သည် မြေကြီးထဲ၊ ရေထဲမှဓာတ်များနှင့် ဓာတုဗေဒ တုံ့ပြန်မှုများဖြစ်ကာ ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် ဓာတုဒြပ်ပေါင်းများ ထွက်ရှိလာခြင်း၊ ရေထဲတွင် ရေနေသတ္တဝါများသေဆုံးကာ ဂေဟစနစ် ပျက်စီးခြင်းများကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်များ ရောက်ရှိနေမှုကို မထိန်းချုပ်နိုင်ပါက ၂၀၅၀ ပြည့်နှစ်အရောက်တွင် ပင်လယ်သမုဒ္ဒရာနေ သတ္တဝါမျိုးစိတ် ပမာဏထက် ပလတ်စတစ်ပမာဏက ပိုများနေလိမ့်မည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သတိပေးထားသည်။

### ပလတ်စတစ်အမှိုက်များအကြောင်း

နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် ပလတ်စတစ်အန္တရာယ်နှင့် ပတ်သက်၍ ကုလသမဂ္ဂမှထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်ရပ်အရ အောက်ပါအတိုင်းဖော်ပြထားကြောင်း လေ့လာသိရှိရပါသည်-

ယနေ့ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်တန်ချိန် သန်း ၅၀၀ မှ တန်ချိန်သန်းပေါင်း တစ်သန်း (တစ်ထရီလီယံ)အထိ သုံးစွဲလျက်ရှိပြီး မိနစ်တိုင်းတွင် ပလတ်စတစ်အိတ်ပေါင်း တစ်သန်းနီးပါး စွန့်ပစ်နေကြသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ် ကုန်စုံဆိုင်လုပ်ငန်းသုံးအိတ်များကို ၅ ထရီလီယံအထိ သုံးစွဲနေပြီး ပလတ်စတစ်အိတ်များကို ပြန်လည်အသုံးပြုမှုမရှိသဖြင့် ကမ္ဘာကြီးသည် အမှိုက်များဖြင့် ပိတ်နေပြီဖြစ်သည်။ ထို့ကြောင့် ရာစုနှစ်ဝက်အရောက်တွင် ပလတ်စတစ်အိတ်တန်ချိန် ၁၂ ဘီလီယံကြောင့် ကမ္ဘာကြီးသည် ရေလွှမ်းမိုးမှုဒဏ် ခံစားရနိုင်သည်။ ထိုသို့ နှစ်စဉ် ၅ ထရီလီယံ ထုတ်လုပ်နေခြင်းက တစ်မိနစ်လျှင် ပလတ်စတစ်အိတ် ၁၀ သန်းနီးပါး အသုံးပြုခြင်းနှင့် ညီမျှသည်။

အသုံးပြုပြီး ပလတ်စတစ်အိတ်များကို ပြန်လည်အသုံးပြုမည့်အစား စွန့်ပစ်သဖြင့် အသုံးပြုပြီး ပလတ်စတစ်အိတ် ၇၉ ရာခိုင်နှုန်းသည် အမှိုက်အဖြစ် အဆုံးသတ်သွားသည်။



တိရစ္ဆာန်များကျက်စားရာနယ်မြေများ၌တွေ့ရသည့် စွန့်ပစ်ပလတ်စတစ် ပစ္စည်းများ။

ကမ္ဘာပေါ်ရှိသမုဒ္ဒရာများသည် အန္တရာယ်ရှိသော ပစ္စည်းများစွန့်ပစ်မှုအတွက် အသုံးပြုခံနေရပြီး ရေနေသတ္တဝါများမှာလည်း အမှိုက်သရိုက်များကြောင့် အသက်ရှင်ရန်ခက်ခဲလာကာ အချို့ရေကြောင်းနေရာများသည် ပလတ်စတစ်စွပ်ပြုတ်ကဲ့သို့သော နေရာအဖြစ် ပြောင်းလဲလာသည်။ ပလတ်စတစ်ပစ္စည်းအများစုသည် ရေကြောင်းကို ပိတ်စေပြီး ကောက်ရိုး၊ ပလတ်စတစ်အိတ်နှင့် ဇွန်း၊ ခက်ရင်း အစရှိသောပစ္စည်းများက အမှိုက်ပုံတစ်ခုကဲ့သို့ ဖြစ်လာသည်။

ပလတ်စတစ်အိတ်များသည် ရေဆိုးပိုက်များကို ပိတ်စေသဖြင့် ရောဂါပိုးမွှားများ ပျံ့နှံ့ကူးစက်နိုင်ပြီး တိရစ္ဆာန်များ၏ အစားအစာထဲသို့ပါသွားပါက အသက်ဆုံးရှုံးနိုင်သည်။ အိန္ဒိယနိုင်ငံ၌ သေဆုံးသွားသော နွားများ၏ဝမ်းဗိုက်အတွင်း ပလတ်စတစ်အိတ်များတွေ့ရှိရပြီး ထိုင်းနိုင်ငံ၌ ဝေလငါးတစ်ကောင်သည်လည်း အသုံးပြုပြီး ပလတ်စတစ်အိတ်များ စားသုံးမိသဖြင့် သေဆုံးခဲ့သည်။

### ကမ္ဘာကိုခြောက်လှန့်နေသော ပလတ်စတစ်အန္တရာယ်

အမေရိကန်သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရလွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်အတွင်း ကမ္ဘာပေါ်တွင် လူသားများအနေဖြင့် ထုတ်လုပ်သုံးစွဲလာသော ပလတ်စတစ်အလေးချိန်သည် တန်ချိန်ပေါင်း ၈ ဒသမ ၃ ဘီလီယံ အလေးချိန်ရှိနေပြီဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သော ၆၅ နှစ်ခန့်ကစ၍ ကမ္ဘာတစ်ဝန်း ထုတ်လုပ်သုံးစွဲလာခဲ့သည့် ပလတ်စတစ်ပမာဏသည် ဆင်အကောင်သန်းတစ်ထောင်ခန့်နှင့် အလေးချိန်ညီမျှနေပြီး ကမ္ဘာကြီးသည် ပလတ်စတစ်ဂြိုဟ်ကြီးကဲ့သို့ ဖြစ်လာနေပြီဖြစ်ကြောင်း စိုးထိတ်ဖွယ် လေ့လာသိရှိရသည်။ ယနေ့ခေတ် လူသားတို့ ထုတ်လုပ်သုံးစွဲလိုက်သမျှ ပလတ်စတစ်ပစ္စည်း ၇၀ ရာခိုင်နှုန်းကျော်သည် အလေအလွင့်ဖြစ်သွားပြီး မြစ်ချောင်းအင်းအိုင်များနှင့် ပင်လယ်သမုဒ္ဒရာများထဲသို့ ရောက်ရှိကုန်ကြောင်း၊ ထုတ်လုပ်သမျှ ပလတ်စတစ်ပစ္စည်း ၁၂ ရာခိုင်နှုန်းကိုသာ မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြပြီး ကျန် ၈၀ ရာခိုင်နှုန်းကျော်ခန့်က ကမ္ဘာ့နေရာအနှံ့ ပျံ့နှံ့သွားကြောင်း သိရသည်။

အဆိုပါနှုန်းအတိုင်း ဆက်လက် ဖြစ်ပေါ်နေမည်ဆိုပါက လာမည့် အနှစ် ၃၀ ခန့်တွင် ပလတ်စတစ်ပစ္စည်းစွန့်ပစ်မှုပမာဏ တန်ချိန်ပေါင်း ၁၂ ဘီလီယံခန့် ရှိလာမည်ဖြစ်ကြောင်း သိရသည်။ ပလတ်စတစ်အိတ်မှ လေယာဉ်ကိုယ်ထည်အထိ ထုတ်လုပ်ခဲ့သမျှ ပလတ်စတစ်ပစ္စည်းအားလုံးသည် သဘာဝနည်းဖြင့် ပြန်လည်အသွင်ပြောင်းယူ၍ မရဘဲ မီးရှို့ဖျက်ဆီးပစ်မှသာ ဖျက်ဆီး၍ ရနိုင်မည်ဖြစ်သည်။ သို့သော် ထိုသို့မီးရှို့ခြင်းက အီသိုင်လင်းအောက်ဆိုက်နှင့် ဒိုင်အောက်စင် စသည့် အန္တရာယ်ဖြစ်စေတတ်သော ဓာတ်ငွေ့များ ထွက်ရှိလာသဖြင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေပြီး ယင်းအငွေ့များကို ရှူရှိုက်မိသည့် လူ၏သွေးနှင့် ဆီးထဲကို ရောက်ရှိပြီး ကင်ဆာရောဂါ ဖြစ်နိုင်သည်။

ထို့ကြောင့် ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်သုံးစွဲမှုသည် အလွန်စိုးရိမ်ရသည့် ကိစ္စတစ်ရပ် ဖြစ်လာပြီး အစားထိုးသုံးစွဲမှုများနှင့် ပြန်လည်သန့်စင်သုံးစွဲရေးအစီအမံများ အလွန်အရေးကြီးလာပြီဖြစ်ကြောင်းနှင့် ယနေ့ကမ္ဘာကြီးတွင် လက်ရှိထုတ်လုပ်သုံးစွဲပြီးသော ပလတ်စတစ်ပမာဏသည် အာဂျင်တီးနားနိုင်ငံ အကျယ်အဝန်းကိုပင် ဖုံးလွှမ်း၍ရနေပြီဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက တွက်ချက် သတိပေးထားသည်။

### ပလတ်စတစ်အသုံးအဆောင်များ၏ ဘေးအန္တရာယ်

ပလတ်စတစ် (ကြွပ်ကြွပ်အိတ်)တွင် ပါရှိသည့် ခဲဓာတ်၊ အဆိပ်ဓာတ်၊ ဆိုက်ဇာနှင့် စတိုင်ရင်းဓာတ်များသည် ဓာတုပစ္စည်းများနှင့် ဆိုးဆေးများဖြစ်၍ အပူဓာတ်နှင့်ဖြစ်စေ၊ ဆီပါသော အစားအသောက်များနှင့်ဖြစ်စေ ထိတွေ့မိပါက ယင်းဓာတုပစ္စည်းများက အစားအသောက်များထဲကို ဓာတ်ပြုပျော်ဝင်သွားကာ လူကိုများစွာ အန္တရာယ်ဖြစ်စေနိုင်သည်။ ထို့နည်းတူ ကလေးနို့ဘူး ပြုလုပ်သည့် PVC ပလတ်စတစ်နှင့် ပလတ်စတစ်ရေပိုက်များတွင် မိုနိုမာ(ခေါ်)အလွန်အဆိပ်ပြင်းသည့် ဓာတ်တစ်မျိုး ပါဝင်နေသည်။ ထို့ကြောင့် ကင်ဆာရောဂါဖြစ်စေသည့် ပလတ်စတစ်ပစ္စည်းများကို ကျန်းမာရေး သတိအသိဖြင့် ရှောင်ရှားသင့်သည်။ ထို့ပြင် မယ်လမင်း(ဖိုက်ဘာ) ပစ္စည်းများကလည်း အပူနှင့်ထိတွေ့ပါက ဓာတ်ပြု၍ ကျောက်ကပ်ပျက်စီးခြင်းနှင့် ကင်ဆာရောဂါများကို ဖြစ်ပွားစေတတ်သည်။ ထို့ကြောင့် ဖန်ထည်၊ ကြွေထည်များဖြင့် ပြုလုပ်ထားသော ပစ္စည်းများကိုသာ သုံးသင့်သည်။ ကလေးနို့ဘူးကိုလည်း ဖန်ထည်နှင့်ပြုလုပ်ထားသည့် ပစ္စည်းသုံးခြင်းက ကလေးကို ပလတ်စတစ်ထဲမှာပါဝင်သော ဓာတုပစ္စည်းတွေ မနှောင့်ယှက်အောင် ကာကွယ်ပေးရာ ရောက်သည်။

ဩစတြေးလျသုတေသီများ၏ လေ့လာမှုမှတ်တမ်းများအရ ပလတ်စတစ်တွင် phthalates (ခေါ်) ဓာတုပစ္စည်းတစ်မျိုးကို မကြာခဏဆိုသလို တွေ့ရလေ့ရှိပြီး ယင်းဓာတုပစ္စည်းက ပလတ်စတစ်ကို ကြည်လင်စေရန်၊ ပျော့ပျောင်းစေရန်၊ တာရှည်ခံစေရန် ပြုလုပ်ထားကြောင်း၊ ထိုဓာတုပစ္စည်းအုပ်စုကို အစားအစာထုပ်ပိုးမှုများ၊ ဆေးဝါးထည့်ပစ္စည်းများ၊ ကလေးကစားစရာများနှင့် ဆေးဘက်ဆိုင်ရာကိရိယာများတွင် အသုံးပြုမှုပိုများကြောင်း၊ ထို phthalates ဓာတုပစ္စည်းများနှင့် ထိတွေ့သူများ၌ အမျိုးအစား-၂ ဆီးချိုရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါနှင့် သွေးတိုးရောဂါများဖြစ်နိုင်ကြောင်း သုတေသီများက လေ့လာတွေ့ရှိခဲ့ကြသည်။

အထူးသဖြင့် အမျိုးသမီးမျိုးပွားခြင်း၊ သန္ဓေတည်ခြင်းကို အနှောင့်အယှက်ပေးနိုင်သည့် (EDC) ဓာတုပစ္စည်းများသည် ပလတ်စတစ်ဘူး၊ ခွက်များတွင် ပါဝင်မှုများကြောင်း ဂျာမနီသုတေသီများကဆိုသည်။ ပလတ်စတစ်ပစ္စည်းထဲတွင် ပါရှိသော ဓာတုပစ္စည်း ၂၄၅၂၀ ခန့်အနက် DEHF ဒြပ်ပေါင်းက လူ့ခန္ဓာကိုယ်အတွင်းရှိ ဟော်မုန်းကို ကစဉ့်ကလျားဖြစ်စေနိုင်သည်။ အကျိုးဆက်အဖြစ် ခန္ဓာကိုယ်ဆဲလ်များ ဖွံ့ဖြိုးမှုမမှန်မကန်ဖြစ်သွားကာ ဆဲလ်ပျက်စီးခြင်းနှင့် ၎င်း၏နောက်ဆက်တွဲဆိုးကျိုးအဖြစ် ကင်ဆာဖြစ်နိုင်ကြောင်း သုတေသီများက သတိပေးထားသည်။ ထို့ပြင် မွေးဖွားလာသော ကလေးတွင် အင်္ဂါမစုံခြင်း၊ နှလုံးရောဂါ၊ အစာအိမ်နာခြင်းများ ဖြစ်ပွားနိုင်သည်။

အချို့သူများက သွားတိုက်တံကို မိုက်ကရိုဝေ့မီးဖိုတွင် အပူပေးပိုးသတ်လေ့ရှိကြသည်။ ထိုနည်းက လွန်စွာမှားယွင်းနေပါသည်။ သွားတိုက်တံများကို ပလတ်စတစ်၊ ဆီလီကွန်၊ နိုင်လွန်ပစ္စည်းများဖြင့် ပြုလုပ်ထားကြပြီး ၎င်းတို့ကို မီးဖိုမှာအပူငွေ့ပေးလိုက်ရာ Bisphenol-A (BPA) ခေါ် ဓာတုပစ္စည်းတစ်မျိုးထွက်ရှိလာသည်။ ထိုဓာတ်က ကင်ဆာရောဂါအမျိုးမျိုး ဖြစ်စေသည့်အပြင် ကျား-မ မြုံခြင်းကိုပါ ဖြစ်စေနိုင်သည်။ အကောင်းဆုံးနည်းမှာ သွားတိုက်တံ တစ်ချောင်းကို အများဆုံး သုံးလထက်ပို၍ မသုံးဘဲအသစ်လဲလှယ်ပါ။ မိမိကိုယ်ပိုင်သီးသန့်သွားတိုက်တံသုံးပါ။ ဖြစ်နိုင်ရင် သွားတိုက်တံ မသုံးမီ ရေခပ်နွေးနွေး၊ ဆပ်ပြာတို့ဖြင့် စိမ်၍ သန့်စင်ဆေးကြောပြီးမှသုံးပါ။

*စာမျက်နှာ ၁၁ သို့*

- ❖ **ကမ္ဘာပေါ်တွင် နှစ်စဉ် ကုန်စုံဆိုင်လုပ်ငန်းသုံးအိတ်များကို ၅ ထရီလီယံအထိ သုံးစွဲနေပြီး ပလတ်စတစ်အိတ်များကို ပြန်လည်အသုံးပြုမှု မရှိသဖြင့် ကမ္ဘာကြီးသည် အမှိုက်များဖြင့် ပိတ်နေပြီဖြစ်သည်။ ထို့ကြောင့် ရာစုနှစ်ဝက်အရောက်တွင် ပလတ်စတစ်အိတ်တန်ချိန် ၁၂ ဘီလီယံကြောင့် ကမ္ဘာကြီးသည် ရေလွှမ်းမိုးမှုဒဏ် ခံစားရနိုင်သည်။ ထိုသို့ နှစ်စဉ် ၅ ထရီလီယံ ထုတ်လုပ်နေခြင်းက တစ်မိနစ်လျှင် ပလတ်စတစ်အိတ် ၁၀ သန်းနီးပါး အသုံးပြုခြင်းနှင့် ညီမျှ**
- ❖ **ထို့ကြောင့် ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်သုံးစွဲမှုသည် အလွန်စိုးရိမ်ရသည့် ကိစ္စတစ်ရပ်ဖြစ်လာပြီး အစားထိုးသုံးစွဲမှုများနှင့် ပြန်လည်သန့်စင်သုံးစွဲရေးအစီအမံများ အလွန်အရေးကြီးလာပြီဖြစ်**

# ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇန်နဝါရီ ၂၀**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ကျရောက်မှုတွင်ပါဝင်သည့် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် **ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက်လည်း** အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ရန်ပုံငွေမှလိုအပ်သည့် ထောက်ပံ့မှုများဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းကောက်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က ၁၇-၁-၂၀၂၅ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် ထည့်သွင်းမှာကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ) တွင် "သဘာဝဘေး အန္တရာယ်"ဆိုသည့်စကားရပ်အား အဓိပ္ပာယ်ဖွင့်ဆိုထားမှုအရ "အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်း" တို့သည် သဘာဝဘေးအန္တရာယ်တွင် ပါဝင်သောကြောင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများကို ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် **ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများ(တိုက်ပွဲရှောင်ပြည်သူများ)** ဆိုရာတွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက မြို့၊ ရွာများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ကာ တရားမဲ့နယ်မြေ ကျူးကျော်လာမှုများကြောင့် ယာယီနေရပ်စွန့်ခွာရသူများအပြင် **အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုများ၏ အကြမ်းဖက်လုပ်ရပ်များ၊ အကြမ်းဖက်ခြိမ်းခြောက်မှုများကြောင့် လုံခြုံရေးအန္တရာယ် စိုးရိမ်ရသဖြင့် ခေတ္တနေရပ်စွန့်ခွာလာရသူများလည်း** ပါဝင်ကြောင်း သိရသည်။

ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများကို လိုအပ်သည့် ထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စာရင်းကောက်ယူလျက်ရှိရာ **ဘုန်းကြီးကျောင်းကဲ့သို့သော ယာယီခိုလှုံရာစခန်းများတွင် ရောက်ရှိခိုလှုံနေကြရသူများအပြင် ဆွေမျိုး သားချင်းများရှိရာ ရပ်ကွက်၊ ကျေးရွာများ၊ ဝန်ထမ်းအိမ်ရာများတွင်နေထိုင်ခြင်း၊ မိမိအစီအစဉ်ဖြင့် နေအိမ်ခန်းများ ငှားရမ်းနေထိုင်ခြင်း၊ အခြားနည်းဖြင့်နေထိုင်ခြင်းများရှိရာ ထိုသို့နေထိုင်သူများအားလုံးသည်လည်း စာရင်းကောက်ယူရာတွင် အကျုံးဝင်**ကြောင်း သိရသည်။ သို့ပါ၍ ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေမှ လိုအပ်သည့် ထောက်ပံ့မှုများကို လျာထားဆောင်ရွက်နိုင်ရေး အကျုံးဝင်သူအားလုံးပါဝင်အောင် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများက စာရင်းကောက်ယူကြရန်နှင့် အကျုံးဝင်သူအားလုံးကလည်း စာရင်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမ နှစ်ဝက် ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်တွင် ကျင်းပလျက်ရှိပြီး ဇန်နဝါရီ ၂၀ ရက်က ဆုချီးမြှင့်ပွဲ အခမ်းအနားကို အဆိုပါတက္ကသိုလ်၌ ကျင်းပကြောင်း သိရသည်။



ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦး၊ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာခင်နွဲ့အေးနှင့် တာဝန်ရှိသူများက ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဆုရရှိခဲ့သည့် သင်္ချာဌာန အသင်း၊ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ကြက်တောင်ရိုက်နှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ဘာသာရပ်ပေါင်းစုံ ၁၄ ဌာနတို့မှ ကျောင်းသား ကျောင်းသူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှစတင်၍ ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ဘာသာရပ်ပေါင်းစုံ ၁၄ ဌာနတို့မှ ဘောလုံးပြိုင်ပွဲတွင် ၁၁ သင်း၊ ပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ရှစ်သင်း၊ သုံးယောက်တွဲပြိုင်ပွဲတွင် ရှစ်သင်း၊ လေးယောက်တွဲပြိုင်ပွဲတွင် ခုနစ်သင်း၊ ကြက်တောင်ရိုက်အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ၁၀ သင်းနှင့် တစ်ဦးချင်းပြိုင်ပွဲတွင် ၂၃ ဦး၊ ကြက်တောင်ရိုက်အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ၁၀ သင်းနှင့် တစ်ဦးချင်းပြိုင်ပွဲတွင် ၂၂ ဦး၊ ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် ခြောက်သင်းနှင့် (အမျိုးသမီး) ပြိုင်ပွဲတွင် ငါးသင်းနှင့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲ ၁၁ မျိုးတွင် ပြိုင်ပွဲဝင် ၁၂၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

# မြင်းခြံမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဆဋ္ဌမအကြိမ်ထုတ်ချေး

**မြင်းခြံ ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာနှစ်ရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် အတိုးရငွေများဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ဆဋ္ဌမအကြိမ်မြောက် ထုတ်ချေးပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက သဲဖြူ၀



(မ) ကျေးရွာ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သက်သက်နွယ်က သဲဖြူ၀ (မ)၊ ကိုင်း(မ) ကျေးရွာများရှိ မြစိမ်းရောင် အသင်းသားအသင်းသူများအား စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သဲဖြူ၀(မ)၊ ကိုင်း(မ) ကျေးရွာများမှ အသင်းသားအသင်းသူ ၁၂၉ ဦးကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၈၉ သိန်းကို ထုတ်ချေးပေးကြောင်း သိရသည်။ **မောင်ခိုင်**

# ပင်းတယမြို့နယ် ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ပြီးစီး

**ပင်းတယ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

လေထိုးကုန်း ကျေးရွာတွင် ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်ဦး၊ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့်ဝန်ထမ်းများ ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**



အဆိုပါ ဘက်စုံသုံးခန်းမဆောင်သည် အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုး ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၉၃ သန်း အသုံးပြုကာ ယခုနှစ်အောက်တိုဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ၂၂၂

*စာမျက်နှာ ၁၀ မှ*

## ကြွပ်ကြွပ်အိတ်လျှော့ချသုံးစွဲရေး

ဓာတုနည်းပညာဖြင့် ပြုလုပ်ထားသော ကြွပ်ကြွပ်အိတ်များ အသုံးပြုခြင်းကြောင့် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်နေမှုများမှာ တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ကြောက်ခမန်းလိလိတိုး၍နေသည်။ ထို့ကြောင့် ယင်းဖြစ်ရပ်များ လျော့နည်းကျဆင်းစေပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်ရည်ရွယ်၍ မြန်မာပြည်အနှံ့ရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်များတွင် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့ကကြီးမှူးကာ ပြည်သူများ ကြွပ်ကြွပ်အိတ်လျှော့ချသုံးစွဲရေး အသိပညာပေးဆွေးနွေးပွဲများ၊ ကြွပ်ကြွပ်အိတ်သုံးစွဲမှုအစား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် ထုပ်ပိုးပစ္စည်းများအဖြစ် အင်ဖက်၊ ငှက်ပျောရွက်၊ သတင်းစာစက္ကူအိတ်များ ပေးဝေခြင်းနှင့် ပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်း စသည့် ပုံစံအမျိုးမျိုးဖြင့် အသိပညာပေး ဆွေးနွေးလျက်ရှိသည်။

အချုပ်ဆိုသော် ပလတ်စတစ်ထုတ်ကုန်များသည် ဈေးသက်သာပြီး ထုပ်ပိုးရန်လွယ်ကူသော်လည်း ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေခြင်း၊ ဆွေးမြည့်ရန်မလွယ်ကူခြင်း၊ ဂေဟစနစ်ကို ပျက်စီးစေခြင်း စသည့် ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု၊ ညစ်ညမ်းမှုများမှာ လူသားတို့၏စည်းကမ်းမဲ့၊ ဆင်ခြင်တုံတရားမဲ့မှုတို့ကြောင့် ဖြစ်လာရသည်။ ပြုပြင်ထိန်းသိမ်းမှု၊ တားဆီးကာကွယ်ထိန်းချုပ်မှုများကို အချိန်မနှောင်းမီ ပြုလုပ်ကြရန် လူတိုင်းကိုယ်စီ အသိတရားများဖြင့် ပါဝင်ဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်သည်။ ထို့ကြောင့် အများပြည်သူတို့အနေဖြင့် ပလတ်စတစ်အိတ်သုံးစွဲမှုကို ငြင်းပယ်ခြင်း၊ ဈေးဝယ်ထွက်လျှင် ဈေးဝယ်အိတ်၊ ဆွဲခြင်းများ အသုံးပြုခြင်း၊ အလွယ်တကူ ဆွေးမြည့်နိုင်သော ထုပ်ပိုးပစ္စည်းများကိုသာ အသုံးပြုခြင်းဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချရန်လိုအပ်ပါကြောင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်အသွယ်သွယ်က ရှောင်လွှဲ၍ လွတ်ဖို့ခဲယဉ်းသည့်အလျောက် အညစ်အကြေး ကင်းစင်သန့်ရှင်းသည့် ပတ်ဝန်းကျင်ကို လူတိုင်းကိုယ်စီ တည်ဆောက်နိုင်ကြပါစေကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဗ္ဗန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ကျိုက်လတ်မြို့နယ် သပြုဆိပ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံ ရေယာဉ်(ရွှေပုဗ္ဗန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် သပြုဆိပ်ကျေးရွာ ညောင်ချောင်းဘုန်းတော်ကြီးကျောင်းရှိ ရတနာသုခဓမ္မဗိမာန်တော်၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၂၄ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၈၉ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၇ ဦး၊ ကလေးရောဂါ ၅၅ ဦး၊ အရိုးရောဂါ ၇၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၉ ဦး၊ မျက်စိရောဂါ ၉၈ ဦး၊ သွားရောဂါ ၄၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၂၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ငါးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဗ္ဗန်)ပေါ်၌ ဇန်နဝါရီလ ၁၉ ရက် ည ၈ နာရီ ၃၃ မိနစ်ခန့်တွင် ကျိုက်လတ်မြို့နယ် ဒရယ်ချိုကျေးရွာနေ ဦးလင်းနိုင်ဦး ၏ဇနီးဖြစ်သူ ဒေါ်ဝေဝေမျိုးကို ၅ ပေါင် ၈ အောင်စရှိ သားဦးယောကျ်ားလေး တစ်ဦးအား အောင်မြင်စွာခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိသည်။ အဆိုပါ ကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ပေးအပ်သည့် ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်ခဲ့သည်။

အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း တတိယအကြိမ် မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဗ္ဗန်)၏ သမိုင်းမှတ်တမ်းတွင် ၃၁ ဦးမြောက် အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ နယ်လှည့်အထူးကုဆေးအဖွဲ့အတွက် ဆေးဝါးများနှင့် ဒေသထွက်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရသည်-

**ဒေါ်သောင်းကြည်**

အကြောတွေ တက်တယ်။ နံရိုးတစ်ဖက်က နာနေတယ်။ မောတယ်။ မူးတယ်။ တစ်ခါပြုပြီးရင် အဘွားက သုံး လေးလလောက် သက်သာတယ်။ အလုပ်အကိုင်ကတော့ လယ်သမားပါ။ အမျိုးသားက အသက် ၇၄ နှစ်၊ ကျွန်မက ၇၈ နှစ် ရှိနေတဲ့အတွက် အလုပ် မလုပ်နိုင်လို့ သားသမီးတွေကို သီးစားချထားပြီးတဲ့အတွက်ကြောင့် လူမှုရေးတန်းရေး အခုလို ဆေးကုခံရေးတွေရပါတယ်။ နှစ်စဉ်နှစ်တိုင်းတောင် မကပါဘူး၊ သုံးလ တစ်ကြိမ်၊ နှစ်လတစ်ကြိမ်လောက် ဆေးလာကုပေးဖို့ ဖိတ်ခေါ်ချင်ပါတယ်။ အခုအဘွားတို့လာပြီးတော့ မိသားစုတွေ ရောဂါပေါင်းစုံလည်း ကုလို့ရပါ တယ်။ ကုပေးတဲ့ ဆရာဝန်တွေကိုလည်း နှစ်စဉ်နှစ်တိုင်း ကျန်းမာချမ်းသာပါစေလို့ အမြဲတမ်း မေတ္တာပို့ပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ။

**မသက်ထားဝေခင်**

သမီးက ညောင်ချောင်းကျေးရွာကနေ လာပြီးတော့ ဆေးခန်းလာပြတာပါ။ အခြေခံပညာအထက်တန်းကျောင်း( အထက သပြုဆိပ်ညောင်ချောင်း) G-10 မှာ ပညာသင်ကြားနေတာပါ။ နှလုံးအောင့်တဲ့ ရောဂါဝေဒနာနဲ့ လေအောင့်တဲ့ ရောဂါဝေဒနာကို လာပြတာပါ။ နှစ်မျိုးလုံးခံစားရတာ နှစ်နှစ်လောက် ရှိပါပြီ။ ရောဂါပြင်းထန်ရင် ဆက်တိုက်တစ်လကျော် နှစ်လလောက် ကျောင်းပျက်ခဲ့ရပါတယ်။ အခုလို လာရောက်ကုသဖို့အတွက် စေလွှတ်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့ ဆရာဝန်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ နောက်လည်း လာရောက်ကုသပေးဖို့အတွက် သမီးအနေနဲ့ ဖိတ်ခေါ်ချင်ပါတယ်။ အခုလို ကုသပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။

**မဝေဝေမျိုး**

ကျွန်မတို့ရွာကို နယ်လှည့်ဆေးကုသရေးအဖွဲ့တွေ ရောက်လာတာနဲ့ ကျေးလက်ဆေးခန်းကနေ ဆရာမတွေကလည်း မွေးနေ့စေ့ပြီလို့ ပြောတာကြောင့် သင်္ဘောပေါ်မှာ လာရောက်မီးဖွားတာ ဖြစ်ပါတယ်။ ဒီသင်္ဘောပေါ်မှာ လာမီးဖွားတော့ ဆရာဝန်ကြီးတွေက စိတ်ရှည်လက်ရှည်နဲ့ ကူညီခွဲစိတ်မွေးဖွားပေးပါတယ်။ အာဟာရပြည့်ဝတဲ့ အစားအစာတွေ၊ ပစ္စည်းတွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေက ပေးအပ်ခဲ့ပါတယ်။ အပြင်မှာ မွေးဖွားမယ်ဆိုရင် ငွေကြေးကုန်ကျမယ်။ ဒီသင်္ဘောပေါ်မှာ အခမဲ့ ခွဲစိတ်ပေးတဲ့အတွက် ဆရာဝန်ကြီးတွေရော ခွဲစိတ်ဆရာဝန်တွေရော ကျေးဇူးတင်ပါတယ်။ အခုလို ဆေးကုသနိုင်အောင်ကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**







ဒေါ်သောင်းကြည်



မသက်ထားဝေခင်



မဝေဝေမျိုး

# ကြိုပွိုင့်စနစ်ဖြင့် ဆောက်လုပ်စ တိုက်ခန်းများနှင့် ကွန်ဒိုများတွင် ရင်းနှီးမြှုပ်နှံမည်ဆိုပါက ဆောက်လုပ်ရေးလုပ်ငန်း ကန်ထရိုက်တာ၏ နောက်ခံအချက်အလက်များ စိစစ်ရန်လို

**ရန်ကုန် ဇန်နဝါရီ ၂၀**

ကြိုပွိုင့်စနစ်ဖြင့် ဆောက်လုပ်စ တိုက်ခန်းများ၊ ကွန်ဒိုတိုက်ခန်းများတွင် ရင်းနှီးမြှုပ်နှံမည်ဆိုပါက ကန်ထရိုက်တာ၏ နောက်ခံအချက်အလက်များက အရေးကြီးကြောင်း အိမ်ခြံမြေလုပ်ငန်းရှင်များက အကြံပြုပြောကြားသည်။

အိမ်ခြံမြေကို ကိုယ်တိုင်နေထိုင်ရန်၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်၊ ဆိုင်ဖွင့်ရန်နှင့် အငှားချထားရန် ရည်ရွယ်ချက်များဖြင့် ဝယ်ယူကြသကဲ့သို့ အရောင်းအဝယ် ပြုလုပ်ရန် ရည်ရွယ်၍ ဝယ်ယူလေ့ရှိကြရာ အရည်အသွေးပိုင်းနှင့် ပတ်သက်၍ ဆောက်လုပ်ပြီး အဆောက်အအုံသစ်အချို့ ယိုင်နဲ့သွားခြင်း ဖြစ်စဉ်များ ရှိခဲ့သည့်အတွက် ကြိုပွိုင့်ဝယ်ယူမည့် သူများအနေဖြင့် လေ့လာရန် လိုအပ်ကြောင်း သိရသည်။

"တိုက်ခန်း ဝယ်ယူတဲ့အခါ quality နဲ့ facility တိုက်အရည်အသွေးကို သတိပြုသင့်တယ်။ ကန်ထရိုက် တိုက်ခန်းကိုပဲ ဝယ်ဝယ်၊ ကွန်ဒိုတိုက်ခန်းကိုပဲ ဝယ်ဝယ် အဓိကက တိုက်ရဲ့ အရည်အသွေး ဖြစ်ပါတယ်။ ကန်ထရိုက်တာ ဆောက်တဲ့ လက်ရာက ဘယ်လိုရှိသလဲ၊ ဆေးသားက ဘယ်လိုရှိသလဲ ဆိုတာတွေကိုပါကြည့်ပြီး ဝယ်နိုင်ရင်တော့ အကောင်းဆုံးပဲ။ အချို့ကန်ထရိုက်တိုက်က ပင့်တိုင်မပါဘဲ ဆောက်လုပ်ထားတတ်လို့ ယိုင်သွားတာတွေ ရှိတတ်တာကြောင့် ကြိုပွိုင့်တိုက်ခန်း၊ ဆောက်လက်စ တိုက်ခန်းကို ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ကန်ထရိုက်တာရဲ့ နောက်ခံ Background က အရေးကြီးတယ်လို့ မြင်ပါတယ်" ဟု PRIME ESTATE မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အိမ်ခြံမြေ ဝယ်ယူရာတွင် နေရာအကွက်အကွင်း၊ စီးပွားရေးလုပ်ကိုင်နိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ပတ်ဝန်းကျင်လူနေမှုအဆင့်အတန်း အစရှိသည့် အချက်များကလည်း ဈေးတန်းတစ်ခုကို သတ်မှတ်ပေးပြီး မြေရှင်စာရွက်စာတမ်း မူရင်းနှင့်၊ မြေရှင်နှင့် ကန်ထရိုက်အကြား ချုပ်ဆိုထားသည့် စာချုပ်နှင့် အမည်ပေါက် စစ်ဆေးရန်နှင့် စေ့စပ်သေချာခိုင်မာလိုပါက သတင်းစာများတွင် ထည့်သွင်း ကြေညာရန်ကဲ့သို့ အချက်များကို ထည့်သွင်း စဉ်းစားသင့်ကြောင်း သိရသည်။ **မေသက်**



ပထမအကြိမ် အိမ်ခြံမြေဗဟုသုတဆိုင်ရာ ဟောပြောပွဲ ပြုလုပ်စဉ်။

# ဘီးလင်းမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**ဘီးလင်း ဇန်နဝါရီ ၂၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက အထက(ခွဲ)မုသင်ကျောင်း၌ ကျင်းပသည်။

ဦးစွာ အထက(ခွဲ) မုသင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ အထက(ခွဲ)မုသင်ကျောင်းမှ Grade (11) ကျောင်းသူ မမိုးမိုးခိုင်က အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး Grade (11) ကျောင်းသား ကျောင်းသူများဖြစ်သော မောင်ညီမင်းထက်၊ မောင်ဖြိုးပိုင်ဝင်း၊ မခိုင်သဇင်ဝင်း၊ မမေမြတ်နိုး၊ မမေဖူးပွင့်ဟန်တို့က "လူငယ်နှင့် အထက်တန်းစားစိတ်"၊ "လူငယ်နှင့် ရယူခြင်းနှင့် ပေးဆပ်ခြင်း"၊ "လူငယ်နှင့် လူမှုဆက်ဆံရေး"၊ "ဣန္ဒြေနှင့် ငွေ"၊ "မွေးဖွားခြင်းနှင့် သေဆုံးခြင်း" စသည့်ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို ကျယ်ကျယ်ပြန့်ပြန့် ဦးဆောင်ဆွေးနွေးကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဟားမားစ်က ဖမ်းဆီးထားသည့် ဓားစာခံ သုံးဦး လွှတ်ပေးဟု အစ္စရေးပြောကြား



ကမ်းမြောင်တွင် အမြဲတမ်းအပစ်အခတ် ရပ်စဲရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် သဘောတူညီမှု ရရှိရန် ဆွေးနွေးပွဲများကို အဆိုပါ ကာလအတွင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဂါဇာ ဇန်နဝါရီ ၂၀**
အစ္စရေးနှင့် ဟားမားစ်တို့အကြား အပစ်အခတ်ရပ်စဲရေးတစ်စိတ်တစ်ပိုင်းအဖြစ် ဇန်နဝါရီ ၁၉ ရက်တွင် အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်က အစ္စရေးအမျိုးသမီး ဓားစာခံသုံးဦးကို ပြန်လွှတ်ပေးလိုက်ကြောင်း အစ္စရေးက ပြောသည်။

ဇန်နဝါရီ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဂါဇာကမ်းမြောင်၌ ရက်သတ္တ ခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးကို စတင်ခဲ့ကြောင်း သိရသည်။ ဟားမားစ်အဖွဲ့သည် ဂါဇာကမ်းမြောင်တွင် ဖမ်းဆီးထားသည့် ဓားစာခံ ၁၀၀ ခန့်အနက် ၃၃ ဦးကို ပြန်လွှတ်ပေးသွားဖွယ်ရှိသည်။

သဘောတူညီချက်အရ ပထမဆုံးဓားစာခံ သုံးဦးကို နိုင်ငံတကာကြက်ခြေနီကော်မတီထံ လွှဲပြောင်းပေးခဲ့ကြောင်း အစ္စရေးတပ်မတော်က ဇန်နဝါရီ ၁၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ဓားစာခံသုံးဦး၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ကြောင်း အစ္စရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

ဒေသမီဒီယာများ၏ ဖော်ပြချက်အရ ဟားမားစ်အဖွဲ့သည် သဘောတူညီချက်အရ သီတင်းတစ်ပတ်စီတိုင်း ဓားစာခံများကို လွှတ်ပေးသွားဖွယ်ရှိကြောင်း သိရသည်။ ပစ်ခတ်ရပ်စဲမှု ကာလအတွင်း အစ္စရေးကလည်း ပါလက်စတိုင်းအကျဉ်းသားများ လွှတ်ပေးရန်နှင့် လူနေထူထပ်သော နေရာဒေသများမှ ၎င်းတို့၏ တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းသွားရန် စီစဉ်ထားသည်။

နှစ်ဖက်သက်ဆိုင်ရာ အဖွဲ့အစည်းများသည် ဒုတိယနှင့် တတိယအဆင့်ဆွေးနွေးပွဲများ၌ ဂါဇာကမ်းမြောင်တွင် အမြဲတမ်းအပစ်အခတ် ရပ်စဲရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် သဘောတူညီမှု ရရှိရန် ဆွေးနွေးပွဲများကို အဆိုပါ ကာလအတွင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## အင်ဒိုနီးရှားနိုင်ငံက လာမည့်ငါးနှစ်အတွင်း စက်သုံးဆီ ကိုယ်တိုင်ထုတ်လုပ်နိုင်ရေး ရည်မှန်း

**ဂျကာတာ ဇန်နဝါရီ ၂၀**
အင်ဒိုနီးရှားအစိုးရသည် လာမည့်ငါးနှစ်အတွင်း စက်သုံးဆီ တင်သွင်းမှုများကို ရပ်ဆိုင်းရန် စီစဉ်နေကြောင်း သမ္မတ ပရာဘိုဝို စုရီယန်တိုးက ဇန်နဝါရီ ၂၀ ရက်တွင် ပြောသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်နိုင်ရန်အတွက် သဘာဝသယံဇာတများကို ကုန်ချောနှင့် စက်မှုထုတ်ကုန်များအဖြစ် ပြောင်းလဲရန် အဓိကထားလုပ်ဆောင်ရမည်ဖြစ်ကြောင်း သမ္မတ စုရီယန်တိုးက ပြောသည်။

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံသည် စားရေရိက္ခာဖူလုံမှုရှိရေးအတွက် ရည်မှန်းချက်ထားလုပ်ဆောင်လျက်ရှိပြီး ၂၀၂၇ ခုနှစ်တွင် အောင်မြင်မှုရရှိမည်ဟု မျှော်မှန်းထားသည်။ **ဆင်ဟွာ**

## ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ရှိ တူကီယဲကောင်စစ်ဝန်ရုံးချုပ်ကို ပြန်လည်ဖွင့်လှစ်

**အစ္စတန်ဘူလ် ဇန်နဝါရီ ၂၀**
ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ အနောက်မြောက်ပိုင်းရှိ တူကီယဲ၏ ကောင်စစ်ဝန်ရုံးချုပ်မှာ ဇန်နဝါရီ ၂၀ ရက်တွင် ၎င်း၏ လုပ်ငန်းများ ပြန်လည်စတင်ပြီဖြစ်ကြောင်း တူကီယဲနိုင်ငံပိုင်မီဒီယာက ထုတ်ပြန်ထားသည်။



ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ရှိ တူကီယဲကောင်စစ်ဝန်ရုံးချုပ်ကို တွေ့ရစဉ်။

အဆိုပါ ကောင်စစ်ဝန်ရုံးကို ဆီးရီးယားလက်နက်ကိုင် ပဋိပက္ခကြောင့် ပိတ်ထားခဲ့ရပြီးနောက် ၁၃ နှစ်အကြာတွင် ကောင်စစ်ဝန်ရုံးအဆောက်အအုံတွင် တူကီယဲတာဝန်ရှိသူများက တူကီယဲအလံလွှင့်တင်ထားသည်ကို နိုင်ငံပိုင်တီအာတီရုပ်သံက ထုတ်လွှင့်ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံရှိ တူကီယဲသံတမန်ရေးရာအဖွဲ့သည် နှစ်နိုင်ငံအကြား ကူးသန်းရောင်းဝယ်ရေး၊ စစ်ရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာ ဆက်ဆံရေးများ ဖွံ့ဖြိုးတိုးတက်စေရန် ပါဝင်ကူညီမည်ဖြစ်ကြောင်း ဒမတ်စကတ်မြို့ရှိ တူကီယဲသံရုံးမှ ခေတ္တသံအမတ် ဘူဟာန်ခိုရိုဂ်လူက ပြောကြားသည်။ လာမည့် အချိန်ကာလအတွင်း တူကီယဲနှင့် ဆီးရီးယားနိုင်ငံတို့အကြား ဆက်ဆံရေးမှာ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံအရှေ့ပိုင်း၌ လေ့တိမ်းမှောက်မှုဖြစ်ပွား သုံးဦးသေဆုံး၊ ခုနစ်ဦး ပျောက်ဆုံးနေ

**နယူးဒေလီ ဇန်နဝါရီ ၂၀**
အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်၌ လေ့တိမ်းမှောက်မှုဖြစ်ပွားသဖြင့် သုံးဦးထက်မနည်းသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးနေကြောင်း ဒေသရဲအရာရှိတစ်ဦးက ဇန်နဝါရီ ၂၀ ရက်တွင် ဖုန်းဖြင့် ပြောကြားသည်။

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ကတီဟာခရိုင်၌ ဇန်နဝါရီ ၁၉ ရက်က လေပြင်းများ တိုက်ခတ်နေချိန်တွင် လေ့တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါလေ့သည် ဂင်္ဂါမြစ်တစ်လျှောက် ကတီဟာခရိုင်မှ အိမ်နီးချင်းဂျော့ခ်ဟန်းပြည်နယ်သို့ ဦးတည်သွားချိန် တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ လေ့ပေါ်တွင် လူ ၁၈ ဦး လိုက်ပါလာပြီး ဒေသခံများက ရှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများကိုလည်း ရှာဖွေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ရဲအရာရှိက ပြောကြားသည်။ **ဆင်ဟွာ**

## နိုင်ဂျီးရီးယား၌ စက်သုံးဆီတင်ယာဉ်ပေါက်ကွဲမှုကြောင့် လူပေါင်း ၈၀ ကျော်သေဆုံး

**အဘူဂျာ ဇန်နဝါရီ ၂၀**
နိုင်ဂျီးရီးယားနိုင်ငံ၌ စက်သုံးဆီတင်ဆောင်လာသော ယာဉ်တစ်စီး တိမ်းမှောက်မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားရာ လူပေါင်း ၈၀ ကျော် သေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိကြောင်း သမ္မတ ဘိုလာတီနူဘူးက အတည်ပြုပြောသည်။

### မကြာခဏဖြစ်ပွား

ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးဝါးကုသမှုပေးရန် သမ္မတ ဘိုလာတီနူဘူးက သက်ဆိုင်ရာ တာဝန်ရှိသူများကို ညွှန်ကြားထားသည်။ နိုင်ဂျီးရီးယားနိုင်ငံ၌ စက်သုံးဆီတင်ယာဉ်ပေါက်ကွဲမှုမှာ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

### ယမန်နှစ်တွင်လည်း စက်သုံးဆီယာဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့

ယမန်နှစ် စက်တင်ဘာလတွင် နိုက်ဂျာပြည်နယ် အဝေးပြေးလမ်း၌ စက်သုံးဆီယာဉ် တစ်စီး ပေါက်ကွဲမှုဖြစ်ပွားရာ လူပေါင်း ၄၉ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့သည်။ **ဆင်ဟွာ**



## သီရိလင်္ကာနိုင်ငံ၌ သဘာဝဘေးကြောင့် လူပေါင်း ၁၇၀၀၀ ခန့် ထိခိုက်ခံစား

**ကိုလံဘို ဇန်နဝါရီ ၂၀**
သီရိလင်္ကာနိုင်ငံ၌ ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ပေါ်သည့် သဘာဝဘေးကြောင့် နိုင်ငံသား ၁၇၀၀၀ ခန့် ထိခိုက်ခံစားခဲ့ရကြောင်း နိုင်ငံ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုစင်တာ (ဒီအမ်စီ)က ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခရိုင် ၁၁ ခု အတွင်းရှိ မိသားစု ၅၇၃၈ စုမှ လူဦးရေစုစုပေါင်း ၁၆၉၃၀ ကို ထိခိုက်ခဲ့ရကာ တစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ဒီအမ်စီက ပြောကြားသည်။

ထို့ပြင် ဇန်နဝါရီ ၂၀ ရက်တွင် နိုင်ငံမြောက်ပိုင်း၊ အရှေ့ပိုင်း၊ ဟူးဗာ၊ အလယ်ပိုင်းပြည်နယ်နှင့် ဟမ်ဘန်တိုတာခရိုင်တို့တွင် မိုးထစ်ချုန်းရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။ ခရိုင်နှင့် ပြည်နယ်များတွင် မြေပြိုမှုနှင့် ရေကြီးမှုသတိပေးချက်များကို ဇန်နဝါရီ ၁၉ ရက်က ထုတ်ပြန်ခဲ့ကာ ယင်းထုတ်ပြန်ချက်မှာ နောက် ၂၄ နာရီအထိ အကျုံးဝင်မည်ဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။ **ဆင်ဟွာ**

# ကျိုင်းတုံမြို့၌ ပန်းဂေါ်ဖီ (ခေါ်) ပန်းမုန်လာများ ထွက်ပေါ်၍ အကျိုးအမြတ်ရရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ မိုင်းလပ်၊ မိုင်းဇင်း၊ ကတ်ထိုက်၊ လွယ်လုံ၊ ကတ်ဖစသည့် ကျေးရွာအုပ်စုများတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ပန်းဂေါ်ဖီကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ပန်းဂေါ်ဖီကို ရာသီမရွေး စိုက်ပျိုးနိုင်ပြီး ဆောင်းရာသီ၌ အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ပန်းဂေါ်ဖီကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးကြပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် ထွက်ပေါ်ကြောင်း၊ ပန်းဂေါ်ဖီ စိုက်ပျိုးရာတွင် မြေကိုထွန်ယက်၍ ပေါင်ခတ်စနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ ထွန်ယက်ခ၊ သယ်ယူပို့ဆောင်ခ၊ သွင်းအားစုနှင့် လုပ်အားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၉ သိန်းခန့် ကုန်ကျကြောင်း၊ ဈေးကွက်အနေဖြင့် ထွက်ရှိသော ပန်းဂေါ်ဖီများကို ကျိုင်းတုံမြို့မဈေး၊ ယန်းခန်းဈေးနှင့် နောင်ကွမ်ဈေးများသို့ တင်ပို့ရောင်းချကြကြောင်း ပန်းဂေါ်ဖီစိုက် တောင်သူများထံမှ သိရသည်။ **DOCA (ရှမ်း)**





## စဉ့်ကိုင်မြို့နယ်၌ ဖူးစားပြောင်း(ဆောင်း)သီးနှံများ စတင်ထွက်ပေါ်ပြီး ဈေးကောင်းရရှိ



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ဖူးစားပြောင်းသီးနှံကို မိသားစုအပိုဝင်ငွေ ရရှိရေးအတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြရာ ယခုအချိန်တွင် စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း၊ စဉ့်ကိုင်မြို့နယ်၌ ဖူးစားပြောင်း(ဆောင်း)ကို ၅၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရပြီး ယခုချိန်တွင် ဖူးစားပြောင်း(ဆောင်း) သီးနှံများ စတင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်း (ဆောင်း)ကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုး၍ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ထွက်ပေါ်ကြောင်း၊ ဖူးစားပြောင်း (ဆောင်း)ကို ယာမြေနှင့် ဥယျာဉ်ခြံမြေများတွင် အများဆုံးစိုက်ပျိုးကြပြီး ထိုင်ဝမ်သကြားပြောင်းမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစုနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း၊ လက်ကား ဈေးကွက်အနေဖြင့် မန္တလေးမြို့သို့ တိုက်ရိုက်ရောင်းချကြသည့်အပြင် ပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူ၍ ကျောက်ဆည်နှင့် မန္တလေးမြို့တို့သို့ ရောင်းချကြပြီး တောင်သူများက ရန်ကုန် - မန္တလေး လမ်းဘေးတွင် လက်လီ ရောင်းချကြကြောင်း၊ ထိုင်ဝမ်သကြားပြောင်းဖူးမှာ လူကြိုက်များသောကြောင့် ဈေးကွက်တွင် အရောင်းအဝယ်သွက်လျက်ရှိပြီး ဈေးကောင်းရလျက်ရှိကြောင်း၊ ဖူးစားပြောင်း စိုက်ပျိုးခြင်းဖြင့် ကျွဲ၊ နွားအစာများ အဖြစ် ပြောင်းရိုးများကိုလည်း ပြန်လည်ရောင်းချရသည့်အပြင် ကာလတိုသီးနှံဖြစ်သည့်အတွက် တွက်ခြေကိုက်သည့် သီးနှံဖြစ်ကြောင်း သိရသည်။

**DOCA (မန္တလေး)**

## ငါန်းဇွန်မြို့နယ်၌ ပဲစင်းငုံများ စတင်ရိတ်သိမ်းလျက်ရှိ

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်းရှိ သရက္ကန်၊ တမာပင်ကြီး၊ စီထိန်း၊ ငါန်းလွန့်၊ တောင်လယ်တောနှင့် ဂျိုစသည့် ကျေးရွာအုပ်စုများတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲစင်းငုံသီးနှံကို အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

ငါန်းဇွန်မြို့နယ်၌ ပဲစင်းငုံ သီးနှံစိုက်ပျိုးရန် ဧက ၃၀၃၀၀ လျာထားခဲ့ရာ ၃၃၃၈၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန စာရင်းအရ သိရပြီး ပဲစင်းငုံသီးနှံများမှာ ဇန်နဝါရီလ ပထမပတ်မှစတင်၍ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံကို ဇွန်လနှင့် ဇူလိုင်လတို့တွင် စိုက်ပျိုးကြပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ ရှိပြီး သီးညှပ်စိုက်ပျိုးမှုကိုသာ စိုက်ပျိုးကြကြောင်း၊ ပဲစင်းငုံအနီမျိုးများကို စိုက်ပျိုးကြပြီး မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ ရိတ်သိမ်းခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၅-၇ တင်းခန့်ထွက်ရှိပြီး မြေအနေအထားနှင့် သီးနှံအထွက်နှုန်းအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် မန္တလေးမြို့ပေါ်ရှိ ပွဲရုံများသို့ ရောင်းချကြကြောင်း သိရသည်။

**DOCA (မန္တလေး)**



### ၂၀-၁-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၀၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၁၇၅၀၀ | ၁၄၅၀၀ | ၄၈၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၃၅ | ၁၇၅၀၀ | ၅၀၀၀ | ၁၇၅၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၅၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၁၈၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၅၈၅ | ၁၆၀၀၀ | ၄၄၀၀ | ၁၇၅၀၀ | ၁၈၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၉၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၅၀ | | ၅၃၀၀ | ၂၁၅၀၀ | ၈၁၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၇၄၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၆၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၉၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၇၂၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၇၉၇၅ | ၁၅၄၀၀ | ၃၆၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၄၀၀ | ၇၇၀၀ | ၆၈၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၁၃၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၇၉၇၅ | ၁၅၆၀၀ | ၄၀၀၀ | ၁၆၄၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၂၃၅၀၀ | ၂၈၅၀၀ | ၁၃၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၈၅၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၇၅၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၃၈၀၀၀ | ၂၉၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း





# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကျွန်းစုမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ကျွန်းစုမြို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၉၆ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၉၃ ဦး၊ ခွဲစိတ်ရောဂါ ၂၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၅၃ ဦး၊ ကလေးရောဂါ ၃၆ ဦး၊ အရိုးရောဂါ ၉၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၆ ဦး၊ မျက်စိရောဂါ ၁၈၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ၂၃ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၁ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့်လူနာ လေးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားများ ပြောကြားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နတ်တလင်းမြို့နယ် ဆီဆုံကုန်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူ ၁၀ ဦးကျော်ကို သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လုံ့ဆော်ဝါဒ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ဆီဆုံကုန်းကျေးရွာကို ဇန်နဝါရီ ၁၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူ ၁၀ ဦးကျော်ကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် လှုံ့ဆော်




ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နတ်တလင်းမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နတ်တလင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်က ဆီဆုံကုန်းကျေးရွာနှင့်အနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သော်လည်း အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း မရှိဘဲ တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များ အပေါ် အထင်အမြင်လွဲမှားစေရန် မြေပြင်ဖြစ်စဉ်များနှင့် ကွဲလွဲနေသည့် သတင်းတု၊ သတင်းအမှားများကို လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိ

**(၂၀-၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၂-၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၀၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီး ဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ပြည်သူနဲ့ နိုင်ငံခြားမှ ထောက်ပံ့လှူဒါန်းမှုတွေ မရတော့တဲ့အတွက် အကြံကုန်ဂဠုန်ဆားချက်ဖြစ်နေတဲ့ PDF”** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပြည်သူကိုနည်းမျိုးစုံနဲ့ ဒုက္ခပေးလျက် အကြမ်းဖက် PDF ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပင်းတယမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး ကလေးငယ်တစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ်၌ ဇန်နဝါရီ ၁၉ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး ကလေးငယ်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၉ ရက် ည ၆ နာရီတွင် ပင်းတယမြို့နယ် ထိုးပုံကျေးရွာအနီး ပင်းတယ-ရပ်စောက်ကားလမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ပင်းတယမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ပင်းတယမြို့ဘက်မှ ရပ်စောက်မြို့ဘက်သို့ ဟဲဟိုးမြို့ (၁)ရပ်ကွက်နေ ဌေးအောင်(ခ) ချန်ချင်ချန်း(၅၃)နှစ် မောင်းနှင်လာသည့် YGN-43 5Q/xxxx CANTER ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ ရပ်စောက်မြို့ဘက်မှ ပင်းတယမြို့နယ် မိုင်းအင်ကျေးရွာနေ အောင်ဇင်ဖြိုး (၃၀) နှစ်မောင်းနှင်ပြီး ဇနီးဖြစ်သူ မအေးမာဝင်း(၃၂)နှစ်နှင့် သမီးဖြစ်သူ မသွန်းရတီဖြိုး(၄)နှစ်တို့လိုက်ပါလာသည့် SHN 60W/xxxx Wave-100 ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်တိုက်မိ၍ အောင်ဇင်ဖြိုးနှင့် မအေးမာဝင်းတို့ နှစ်ဦးတွင်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး မသွန်းရတီဖြိုးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဌေးအောင်(ခ) ချန်ချင်ချန်းနှင့် အောင်ဇင်ဖြိုးတို့ နှစ်ဦးအား ပင်းတယမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

## ပြင်ဦးလွင်မြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ဇန်နဝါရီ ၁၉ ရက်က လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့နယ် X-Ray စက်တပ်ဖွဲ့စု(ဝက်ဝံ) ဝင်ပေါက်၌ ပိတ်ချင်းမြောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် နောင်ချိုမြို့ဘက်မှ ပြင်ဦးလွင်မြို့ဘက်သို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄) ရပ်ကွက်နေ မြင့်ဆွေ(၄၆)နှစ် မောင်းနှင်ပြီး ယာဉ်ပိုင်ရှင်ဖြစ်သူ တောင်ကြီးမြို့ ရေအေးကွင်း ရပ်ကွက်နေ စိုင်းကျော် မင်းဦး(၄၉)နှစ် လိုက်ပါလာသည့် MDY-12 5I/xxxx Mitsubishi Pajero ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသည့်အပြင် လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် မြင့်ဆွေနှင့် စိုင်းကျော်မင်းဦးတို့နှစ်ဦးအား ပိတ်ချင်းမြောင်နယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဗေဒါလက်မှုထုတ်ကုန်တန်ဖိုးမြင့်ထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု

**သဲကုန်း ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့က သဲကုန်းမြို့ တံခွန်တိုင်းကျေးရွာ၌ ဗေဒါလက်မှုထုတ်ကုန် တန်ဖိုးမြင့်ထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲနှင့် စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဘက်စုံတိုးတက်မြင့်မားလာစေရေးအတွက် ဒေသထွက်ကုန်ပစ္စည်းများကိုအခြေခံ၍ ဗေဒါရိုးဖြင့် အရည်အသွေးကောင်းမွန်ပြီး အဆင့်မြင့်ထုတ်ကုန်များ ဆန်းသစ်တီထွင်ကာ ကိုယ်ပိုင်တံဆိပ်ဖြင့် အရည်သွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအပြင် ဈေးကွက်ရရှိရေးကိုလည်း ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် မိမိတို့၏ မိသားစုဝင်ငွေတိုးတက်ရရှိရေး၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်သစ်များ ဖြစ်ပေါ်လာစေရေးနှင့်



ဗေဒါလက်မှုလုပ်ငန်း ပိုမိုဆန်းသစ်လှပကောင်းမွန်စေရေးတို့အတွက် ကြိုးစားသင်ကြားသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗေဒါလက်မှုထုတ်ကုန် တန်ဖိုးမြင့်ထုတ်လုပ်ခြင်းသင်တန်းအတွက် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံသို့လည်းကောင်း၊ သင်တန်းနည်းပြများအတွက် သီးခြားဂုဏ်ပြုငွေများကိုလည်းအကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြပြီး သင်တန်းအတွင်း သင်ကြားသွားမည့် ဗေဒါတန်ဖိုးမြင့် ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် သဲကုန်းမြို့၌ ဗေဒါပင်နှင့် တန်ဖိုးမြင့်လူသုံးကုန်ပစ္စည်းထုတ်လုပ်ခြင်း သင်တန်း(၂)ကြိမ် ဖွင့်လှစ်သင်ကြားပေးနိုင်ပြီး ဗေဒါပင်အရိုးမှ လက်ကိုင်အိတ်အမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး၊ ဦးထုပ်၊ ဖျာနှင့် အခြားလူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ခဲ့ပြီး ရန်ကုန်၊ မန္တလေးနှင့် ပုဂံမြို့များသို့ တင်ပို့ရောင်းချပေးလျက်ရှိကြောင်းနှင့် ယခုသင်တန်းသား သင်တန်းသူ ၂၂ ဦးဖြင့် (၁၀)ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နတ်တလင်းမြို့ ချားရားပင်ကျေးရွာရှိ တစ်ကွင်းတစ်ဆက်တည်း ဧက(၅၀၀) ပဲတီစိမ်းစံပြစိုက်ခင်းနှင့် ဇီးကုန်းမြို့နယ် သာပေါင်းကျေးရွာရှိ တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀၀ ပဲတီစိမ်းစံပြစိုက်ခင်းတို့ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘားအံ၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဖွင့်

**ဘားအံ ဇန်နဝါရီ ၂၀**

ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ လှာကမြင် ကွက်သစ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။



ပြည်နယ်အတွင်း ကလေးအလုပ်သမားများပပျောက်စေရေးအတွက် မိသားစုတွင်းရှိ ကလေးသူငယ်များ၏ မိဘများ၊ ဆွေမျိုးသားချင်းများကို အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် ကိုယ်ပိုင်လုပ်ကိုင်စားသောက်နေထိုင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းသားများ၏ ဘဝရပ်တည်နေထိုင်ရေးအတွက် အကျိုးဖြစ်စေမည့် သင်တန်းဖြစ်ပြီး သင်တန်းမှ သင်ကြား ပို့ချပေးလိုက်သော သင်ခန်းစာများကို သေချာစွာ လေ့လာအသုံးချ၍ မိမိဘဝ တိုးတက် အောင်မြင်နိုင်ရေးအတွက် စနစ်တကျသင်ယူလေ့လာကာ အောင်မြင်သည့်ပန်းတိုင် ရောက်ရှိနိုင်အောင် ကြိုးစားအားထုတ်ကြစေ လိုကြောင်း၊ သင်တန်းပြီးစီးပါက သင်ယူရရှိခဲ့သည့်အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကိုအသုံးချပြီး မိမိ မိသားစု၊ ရပ်ရွာဒေသ၊ ပြည်နယ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်ကြားပို့ချချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများပြောကြားသည်။

ယနေ့ ဖွင့်လှစ်သည့်သင်တန်းတွင် သင်တန်းသား ၂၀ တက်ရောက်ကြပြီး လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်သင်တန်းနည်းပြများက အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း ဘာသာရပ်ကို ရက်သတ္တလေးပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မဟာအောင်မြေမြို့နယ်၌တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက် အကွက်အမှတ်(၈၂၄)အတွင်းရှိ အိမ်ခြေ ၃၄၅ အိမ်ကို မဟာအောင်မြေမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညွန့်ဝင်းအောင် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့ဖြင့် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးဘေး လုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ ၂၂၂



# လက်ပံတန်းမြို့၌ ကလေးများ ကာကွယ်ဆေးတိုက်ကျွေး

**လက်ပံတန်း ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာနတွင် ဇန်နဝါရီ ၂၀ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ တင်ဇော်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးမထိုးရသေးသော အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးများအား Big Catch–up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံပေးသည်။ အလားတူ မြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **အောင်ဆင့်**



# ကျိုက်လတ်၌ Big Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများဆောင်ရွက်

**ကျိုက်လတ် ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက အသက်တစ်နှစ်မှ



ငါးနှစ်အရွယ်ကလေးငယ်များကို Big Catch–up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါ အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအား Big Catch–up ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ပြီး ကာကွယ်ဆေးအားလုံးကို သတ်မှတ်ထားသောအကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ဆေးထိုး၊ ဆေးတိုက်ပေးနိုင်မှသာလျှင် ကလေးငယ်တို့ကို ပြင်းထန်တီဘီရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ကျိုက်လတ်မြို့နယ်၌ (ပထမအကြိမ်) ကို ဇန်နဝါရီ ၂၀ ရက်မှစတင်ပြီး ဇန်နဝါရီ ၂၆ ရက်အထိ မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများတွင်လည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ဥတုရာသီ၊ တောကိုမှီ၏

# ရန်ကုန်တိုင်းဒေသကြီး၌ ငွေကျပ်သိန်း ၈၆၀၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၆ သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး၌ ငွေကျပ်သိန်း ၈၆၀၀ ကျော်တန်ဖိုးရှိ အိုက်စ် (မက်သ် အဖက်တမင်း) ကီလို ၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၆ သိန်းကျော် ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင် (၆)လမ်းထိပ်တွင် ဦးမောင်မြင့်စိုး (ခ) ခိုင်ကျော်မင်း (ခ) ကိုမင်း၊ ဝင်းဗိုလ်(ခ)ဦးရခိုင်နှင့် ဦးမောင်မိုးညွန့် (ခ) မိုးချေတို့ သုံးဦးအား သတင်းအရရှာဖွေရာ ၎င်းတို့ သယ်ဆောင်လာသည့် ခရီးဆောင်အိတ်နှစ်လုံးအတွင်းမှ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၂၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဇန်နဝါရီ ၁၆ ရက် နံနက် ၁ နာရီတွင် လှည်းကူးမြို့နယ် ငွေးတောက်အိုင်ကျေးရွာအုပ်စု ဒေါင်းမြီးကွက် ကျေးရွာတွင် ကိုကိုနိုင် (ခ) စိန်ရွှေအောင် (ခ) ကျော်လင်း (ခ) ဂိုးကြီးနှင့် ဦးကြည်စိုးတို့အား စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၆၆ သိန်းနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁၂ နာရီတွင် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများပိုင်ရှင် ကျော်ဝင်းနိုင် (ခ) ဖိုးထူးအား ဇမ္ဗူသီရိမြို့နယ် သပြေကုန်းဈေးတွင် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ်သိန်း ၈၆၆၀ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၆၆ သိန်း ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံ (အောက်)ကျေးရွာ ပုံလို့လမ်းမပေါ်တွင် ယဲဆောင် (ခ) လီဂျူး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီတွင် လွယ်စီတုံ (အောက်) ကျေးရွာ ရွာလယ်လမ်းတွင် လော်လို့ (ခ) အားလို့နှင့် အားချိတို့အား စိတ်ကြွရူးသွပ် ဆေးပြား ၁၆၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ အရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ တိရစ္ဆာန်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၁၀၅၁၀၆၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၁၈ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်တွေခရိုင် စစ်တွေမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်တွေမြို့နယ်၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် နွားဝ၈ ကောင် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၈၀၀၀၀၀) ကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၁၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်နှင့် ဟင်္သာတခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၀၁၇ တန်၊ အခြားသစ် ၁၉ ဒသမ ၁၂၈ တန်နှင့် သစ်စက်ဆက်စပ်ပစ္စည်းတစ်စုံ




တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၅၄၇၂) ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောင်းမြမြို့နယ်နှင့် ကျုံမငေးမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအနီး၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၂၈ ပီပါ၊ ဒီဇယ်ဆီ ၁၂ ပီပါနှင့် ဆက်စပ်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၂၂၇၂၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၈၂၆၇၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၅ ဒသမ ၇၃၄ တန်၊ အခြားသစ် ၅ ဒသမ ၃၉၀ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၉၂၉၇၁ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ဗိုလ်ချုပ်လမ်း အေးမြကန်သာရပ်ကွက် အမှတ်(၁-A)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၂၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၁၁ ဒသမ ၆၄၉ တန်နှင့် ချိန်းဆောတစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၈၄၂၈) ကို သစ်တောဥပဒေအရလည်းကောင်း၊ မြိတ်မြို့ ရေပုန်းရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၆၄၈၄၂၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုင်းဆတ်မြို့နယ် မိုင်းဆတ်-တာချီလိတ် ကားလမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း လေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၁၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၄၄၈၅၁၃၉ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဘုတ်ပြင်းမြို့နယ်၌ မြက်ခြောက်များမီးရှို့ရာမှတစ်ဆင့် ဆီအုန်းခြံမီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ ဇန်နဝါရီ ၁၈ ရက်က မြက်ခြောက်များ မီးရှို့ရာမှတစ်ဆင့် ဆီအုန်းခြံမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီ မိနစ်၂၀ တွင် ဘုတ်ပြင်းမြို့ ထောင်မွန်ကျေးရွာအနီး ယုဇနဆီအုန်းခြံ၌ မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ ဘုတ်ပြင်းခရိုင် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အားစိစစ်ရာ ထောင်နီကျေးရွာနေ ဦးမင်းရန်နိုင် ၅၄ နှစ်သည် အဆိုပါ ဆီအုန်းခြံအနီးရှိ မြက်ခြောက်များကို မီးရှို့ရာမှတစ်ဆင့် ဆီအုန်းခြံအတွင်းသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ယုဇနဆီအုန်းကုမ္ပဏီပိုင်ဥယျာဉ်ခြံတစ်ကေခန့် စိုက်ပျိုးပြီး ဆီအုန်းပင် ၃၃ ပင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် ဦးမင်းရန်နိုင်အား ဘုတ်ပြင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## သထုံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ



**သထုံ ဇန်နဝါရီ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတမြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက အောက်ကျင်းရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေဝါလှိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျောင်းစာပညာရပ်များ သာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်း လူငယ်များဖြစ်လာရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ Grade-11 ကျောင်းသူ ငါးဦးတို့က လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ မိမိ အနှစ်သက်ဆုံး စာအုပ်တစ်အုပ် ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးကြသည်။(ဓာတ်ပုံ)

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူများက ဖြေကြားပေးကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက စကားဝိုင်းနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးသည်။ အဆိုပါအခမ်းအနားတွင် နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မိတ္ထီလာမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**မိတ္ထီလာ ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်ခြင်းများကို ဝန်ဇင်းရပ်ကွက်ရှိ ဆည်မြောင်းနှင့်ရေအရင်းအမြစ်အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး စက်မှုအလုပ်ရုံအဆင့်(ခ) စက်မှုတိုင်း(၄)ရုံး၌ ဆောင်ရွက်သည်။

ဦးစွာ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီးနောက် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုလေ့ကျင့်ခြင်းများကို မီးသတ်တပ်ဖွဲ့ဝင်များက အဆိုပါရုံးဝန်ထမ်းများနှင့်အတူ လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ကျွန်းစုမြို့နယ် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မြိတ် ဇန်နဝါရီ ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် (တနင်္သာရီတိုင်းဒေသကြီး တာဝန်ခံ) မြိတ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၉ ရက်က ကျွန်းစုမြို့နယ် ရုံးဝန်ထမ်းများအား တွေ့ဆုံပြီး မြို့နယ်ရုံးတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ကျွန်းစုမြို့နယ် ရုံးဝန်ထမ်းများအား အင်ဂျင်နီယာချုပ်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။ ထို့နောက် မြို့နယ်ရုံး ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းနှင့် ရုံးခြံစည်းရိုးမြေနေရာအတွက် အောက်ခံမြေသား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



အဆိုပါမြို့နယ်ရုံး ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် ရုံးခြံစည်းရိုးမြေနေရာအတွက် အောက်ခံမြေသား ပြုပြင်ခြင်းလုပ်ငန်းပေ ၅၄၀ ကို ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် ရန်ပုံငွေ ၅၄ ဒသမ ၅၅၀ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး**
**(ပြန်/ဆက်)**

## ဗိုလ်တထောင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၀ ရက်က ဗိုလ်တထောင်မြို့နယ် (၂)ရပ်ကွက် ဓမ္မပါလဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းရှိန်က ပန်းခင်းစီမံချက် အကြောင်းအရာများ၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိခြင်း



ကြောင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး လက်ထောက်လဝကမှူး ဦးမင်းမင်းဦးနှင့် ဝန်ထမ်းများက ရပ်ကွက်နေ ပြည်သူများအား လိုအပ်သော သက်သေခံစာရွက်အထောက်အထားများနှင့် စာတမ်းများစိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကိုပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ရွှေဂံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ စတုတ္ထအကြိမ်မြောက် ထုတ်ချေး

**ရွှေဂံ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေဂံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်



လည်ပတ်ရန်ပုံငွေများ စတုတ္ထအကြိမ်မြောက် ထုတ်ချေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။(ဓာတ်ပုံ)

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်ခွကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်း ၁၃၅ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၅၅ သန်းအား အသင်းသူ အသင်းသားများအား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## ဝေါမြို့နယ်၌ နွေစပါးစိုက်တောင်သူများထံ သွင်းအားစုများပေးအပ်

**ဝေါ ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးသော သမဝါယမအသင်းသား တောင်သူများသို့ သွင်းအားစုပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဦးအေးလွင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးသော သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစု မြေဩဇာပေးအပ်ရခြင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နွေစပါးစိုက်ပျိုးသော သမဝါယမအသင်းသားများမှ စိုက်ဧက ၆၀၀ ရှိ တောင်သူများအား သွင်းအားစုမြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၁၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# အထူးကြည်ညိုပူဇော်အပ်ပါကြောင်း

၄-၁-၂၀၂၅ရက်(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြေညာစာအမှတ် ၁/၂၀၂၅ဖြင့် မြရာကုန်းကျောင်း ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ငြိမ်း) ဆရာတော်ဘဒ္ဒန္တပါကဋအား **"မဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ပူဇော်ခဲ့သည့်အတွက် တပည့်ဒါယကာ၊ ဒါယိကာမများအနေဖြင့် အထူးကြည်ညို ဂုဏ်ပြုပူဇော်အပ်ပါသည်ဘုရား။

**" မဏိဇောတရေ " ဦးမောင်မောင်ဆန်း**

**(မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဘဏ္ဍာရေးမှူး)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ တုံမာတဲကျေးရွာနေ ဦးကျော်နိုင်၏သား မောင်မျိုးသန်းဦး (ခ)မောင်မျိုးစန်းဦး ၅/မရန(နိုင်) ၃၃၀၁၂၇မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်မျိုးသန်းဦး (ခ)**
**မောင်မျိုးစန်းဦး**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးစိုင်းအွန်၏ သမီး ကျွန်မ အီနန်း၁၃/ကတန(နိုင်) ၁၆၄၀၁၇၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၉၅၈၄၄၂၅**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးသာထွန်း ၏သား ဦးဇေဝန ၉/အမဇ(သ)၀၀၂၃၀၈၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-168522)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၄၇၈၀၄၄၀**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အ.ထ.က (သက္ကလ) ကျောင်း၊ Grade-11 မှ မသဲစုစံ ၏ မိခင်အမည်မှန်မှာ ဒေါ်တင်တင်ငွေး (၇/ကဝန(နိုင်)၁၉၆၉၅၅) ဖြစ်ပါကြောင်း။

**ဒေါ်တင်တင်ငွေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2P/5033, Toyota Townace Delivery Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ဝေဟန် ၉/ခအဇ(နိုင်)၀၂၃၉၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၂)၊ ဦးပိုင်အမှတ် (၄-ဃ)၊ စစ်ကိုင်း-မန္တလေးလမ်း၊ တမ္ပဝတီရဲစခန်းအနီးရှိ မသီအမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၄/၁၉၈၉) ဖြင့် အမွေဆက်ခံခဲ့သော မောင်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၁၀၁၈/၁၉၈၉)ဖြင့် ဝယ်ယူခဲ့သော ဦးတင်ထွဋ်၊ ဒေါ်ခင်စန်းဝင်း၊ မောင်အောင်ဝင်းထွဋ်၊ မောင်အုန်းဝင်းထွဋ်၊ ၎င်းတို့(၄)ဦးထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၂၃၅၈/ ၁၉၉၅) ဖြင့်ဝယ်ယူခဲ့သော ဒေါ်ရင်ရီလွင် ကွယ်လွန်၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၉၇၃/၂၀၀၉) ဖြင့် အမွေဆက်ခံခဲ့သော ဦးအေးကျော်ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၂၇၄၆/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သဥ္ဇာမန်းမောင် ၁၁/အမန(နိုင်)၀၀၀၂၇၇၏ (SP ရရှိသူ ဦးသန့်ဇင်ဦး)က အမှုတွဲအမှတ် (၀၆၇၇/ဘ (ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီက ရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်လွှာခေါ်ယူခြင်း
## အများပြည်သူသိရှိနိုင်စေရန် ကြော်ငြာအပ်ပါသည်-

၁။ ဒိုက်ဦးမြို့နယ်- ကျောင်းစုရပ်ကွက်၊ ဘုရင့်နောင်လမ်းကွင်းအမှတ် ၅၊ ကွင်းအမည် ကျောင်းစု၊ ဦးပိုင်အမှတ် ၇၀၊ ဧရိယာ (၀.၀၄၀၂) ဧကအား ဒေါ်ကြည်ကြည်ဝင်း အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေ အလားလေးရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| အရှေ့လားသော် | - | ဦးပိုင်အမှတ်-၆၉၊ |
| အနောက်လားသော် | - | ဦးပိုင်အမှတ်-၇၁၊ |
| တောင်လားသော် | - | ဘုရင့်နောင်လမ်း၊ |
| မြောက်လားသော် | - | ဦးပိုင်အမှတ်-၇၃၊ |

၃။ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း နောက်ဆုံးထားပြီး ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ၎င်းရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် ၆၈၁၊ ဦးပိုင်အမှတ် ၄၁-ခ၊ခဲစင်းမြောက်ခြမ်း၊ ၇၅လမ်း၊ ၃၄x၃၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်လှလှ(ခ)ခင်လှ ၉/မရတ(နိုင်)၀၆၈၅၆၀ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၇၁၉/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမောင်မောင်ကြီး ၉/မရတ(နိုင်)၀၆၆၈၅၅က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဖ-၃၊ ဦးပိုင်အမှတ် ၈၆/၅၇(အေ)၊ ၁၁၀(အေ) x ၁၁၁ကြားရှိ ဦးမြတ်ငွေးအမည်ပေါက် တောဂရန် မြေကွက်အား၊ တရားလို ဒေါ်ဆွေဆွေလွင်က တရားပြိုင် ဦးမြတ်ငွေးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော် တရားမကြီးမှုအမှတ် ၁၂၁/၂၀၂၄ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ဆွေဆွေလွင် ၉/မရတ(နိုင်) ၁၀၁၆၂၂က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၄၉၊ ဦးပိုင်အမှတ်(၄၈/လမ်း ၄၀၊ ၅၄x၅၅ကြားရှိ ဒေါ်ခင်ခင်ဝင်း ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၇၂၂/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့ကြသော ဒေါ်ခင်မီမီကျော် ၉/ခမစ(နိုင်)၀၀၂၁၀၆၏ အထွေထွေကိုယ်စား လှယ်လွှဲစာအမှတ် (၁၈/၄၅၁၅(၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ဝင်းသူ ၉/ခမစ(နိုင်)၀၀၂၁၀၅က ၎င်းကိုယ်တိုင်နှင့်အတူ ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်မှန်

(ဘ)ဦးဝင်းကျော်မျိုး၏သား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ စိုးစံ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11မှ မောင်အုပ်ပိုင်စိုး၏ မွေးသက္ကရာဇ်မှန်မှာ ၂၈-၁၂-၂၀၀၇ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ လယ်သာ(2) ကျေးရွာအုပ်စု၊ ထန်းပင်ကုန်းကျေးရွာနေ (ဘ)ဦးတင်ဆန်း၏ သား မောင်ဇော်ငွေး ၈/တတက(နိုင်)၁၄၁၇၀၇၏ နိုင်ငံကူးလက်မှတ်အမှတ် MD-446467 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆ ၁၃၈ ၁၀၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၈)၊ ဦးပိုင်အမှတ်(၅၄)၊ ၆၁x၆၂ကြား၊ ကျန်စစ်သားxဗန္ဓုလလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဝင်း ၁၃/တခလ(နိုင်) ၀၀၄၂၉၀က အမှုတွဲအမှတ်(၆၀၆၀/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(စ)ရပ်ကွက်၊ အကွက်အမှတ် တတ-၁၅၊ ဦးပိုင်အမှတ်(၄၇)၊ ၆၀x ၆၁ကြား၊၊ ၁၂၅x၁၂၆လမ်းကြားရှိ ဒေါ်နီနီအမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်သန်းမြင့်က တရားပြိုင် ဒေါ်နီနီအပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၈၃/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်သန်းမြင့် ၉/မရမ(နိုင်)၀၇၅၅၈၆က တောဂရန်၊ တရားရုံး အမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် လ-၈၊ ဦးပိုင်အမှတ် ၅၃၊ ၆၇x၆၈ကြား၊ ၁၁၃x၁၁၄လမ်းကြားရှိ ဦးကျော်ထွန်းအမည်ပေါက် တောဂရန် မြေကွက်အား တရားလို ဒေါ်မိုးသီတာ၊ဒေါ်မိုးသူဇာတို့က တရားပြိုင် ဦးကျော်ထွန်း(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးခင်မောင်ဆင့်) အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော် တရားမကြီးမှုအမှတ် (၁၆၈/၂၀၂၄) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်မိုးသီတာ ၉/ပဥလ(နိုင်) ၀၂၄၈၆၊ ဒေါ်မိုးသူဇာ ၉/မမန (နိုင်) ၀၈၈၃၈၂က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၅၊ မြေကွက်အမှတ် ၂၂၊ မြေကွက်တည်နေရာ အမှတ်(၂၂)၊ ကတန်ကျွန်းလမ်း၊ (၂၅) ရပ်ကွက်၊ ဒဂုံတောင်၊ ဦးခင်မောင်လတ်(ISN - ၀၃၂၉၉၀ ) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးခင်မောင်လတ်(ဖခင်)ဖြစ်သူသည် (၂-၁-၂၀၂၄)ရက်တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်အေးမြင့်သည် (၂၄-၁-၂၀၀၁) ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏သား(၂)ဦးဖြစ်သူ (၁) ဦးနေမျိုးအောင် ၁၂/မဂတ(နိုင်) ၀၇၇၀၅၅)၊ (၂) ဦးနေစိုးအောင် ၁၂/မဂတ(နိုင်)၀၈၀၆၄၅တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူသားများဖြစ်ကြောင်း။ အခြားသော မွေးချင်းများမရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိပါကြောင်း၊ အထက်ပါ မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား မိမိတို့ သား(၂) ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့(၂) ဦးမှလွဲ၍ အခြားသောအမွေဆက်ခံမည့်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကွယ်လွန်သူမိဘများနှင့် မိမိတို့သည် အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ မိဘများမကွယ်လွန်မီ သေတမ်းစာတစ်စုံတစ်ရာရေးသားထားခဲ့ခြင်းမရှိပါကြောင်း၊ ကတိသစ္စာပြုလွှာအမှတ် ၁၁/၁၃၀၅/၂၀၂၄ (၂၄-၁၁-၂၀၂၄)၊ အသိသက်သေနှစ်ဦး၏ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ မိခင် ဖခင်သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ် (၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်/စွန့်လွှတ်မြေပုံကူးလျှောက်ထားခြင်းအား (၂)ထပ်ပျဉ်ထောင်(၁)လုံး၊ မျက်နှာစာ(၄)ခန်းတွဲ ဆိုင်ခန်းများရှိပြီး၊ ကိုယ်တိုင်နေနှင့် ဆိုင်ငှားများရှိပြီးဦးနေစိုးအောင်၊ ဦးနေမျိုးအောင်တို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပါသဖြင့် ဦးနေစိုးအောင်+၁တို့၏ ပိုင်ဆိုင်/စွန့်လွှတ်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ် ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူး)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ-၈)၊ ဦးပိုင်အမှတ် (၅၃)၊ ၆၁x၆၂ ကြား၊ ကျန်စစ်သား X ဗန္ဓုလလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဝင်း ၁၃/တခလ(နိုင်)၀၀၄၂၉၀က အမှုတွဲအမှတ် (၆၀၅၉/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**တောင်ကြီးမြို့နယ်တရားရုံး**
**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃ နှင့်ဆက်နွှယ်သည့်**
**၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၉**

| | | |
|---|---|---|
| ဦးဆန်းဝင်း | နှင့် | ဒုဗိုလ်မှူးကြီးမြင့်လှိုင် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမှတ်(၁၉၀)နေ တရားရှုံး ဒုဗိုလ်မှူးကြီးမြင့်လှိုင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃တွင် ကျန်ရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဆန်းဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းအကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြဖြေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၃ရက် (၁၃၈၆ခုနှစ်၊ တပို့တွဲလဆန်း ၆ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (စစ-၆)၊ ဦးပိုင်အမှတ်(၁၄၂)၊ ၅၄(င)လမ်း၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၃၄၈၇/ ၂၀၂၄ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်မြင့် ၉/မနမ(နိုင်) ၀၇၅၃၅၆က အမှုတွဲအမှတ်(၆၀၄၇/၂၀၂၄-၂၀၂၅)ဖြင့်သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၂၉၊ ဦးပိုင်အမှတ်(၁၁)၊ ၄၉လမ်း၊ ၁၀၉လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လေးလေးမွန်ကျော် ၊ ဒေါ်အေးငြိမ်းမိုး ၊ ဦးကျော်ကိုကိုထွန်း ၏ (GP ရရှိသူ ဦးမျိုးမင်းထွန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၁၉၃/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ဝေဝေလွင် ၁၃/သပန(နိုင်) ၀၆၂၃၃၇က အမှုတွဲ အမှတ်(၆၀၄၉/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၁၂၀)၊ ၅၂x၅၃ကြား၊ ၁၁၁x၁၁၂လမ်းကြားရှိ ဂရန်မြေ ကွက်အမည်ပေါက်သူ ဦးစိုးမြင့် ၏(SP ရရှိသူ ဒေါ်စွဲ့ဆိုင်ဝါ) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ်(၃၆၄၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မေဇင်စိုး ၁/ မညန(နိုင်)၁၅၆၇၁၇က အမှုတွဲအမှတ် (၆၀၅၀/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/78186 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**က.ည.န၊ ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/1201,YAMAHA FZ ယာဉ်လက်ဝယ်ရှိသူ Htar Wazin Chan Thar Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/55542, Honda CB-150,M/C ယာဉ်လက်ဝယ်ရှိသူ Ever OK Co.Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလာတက္ကသိုလ်
## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် နေ့သင်တန်းနှင့် ၂၀၂၄ ပညာသင်နှစ် အဝေးသင် သင်တန်း တတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား အစီအစဉ်
## ကြေညာချက်

မန္တလာတက္ကသိုလ် တတိယအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို မန္တလာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

၁။ **နေ့သင်တန်း** - (၃၀ - ၁ -၂၀၂၅)၊
**အစမ်းလေ့ကျင့်ရက်** ကြာသပတေးနေ့၊ နံနက် (၉:၀၀) နာရီ

၂။ **အဝေးသင် သင်တန်း** - (၃၁ - ၁ -၂၀၂၅)၊
**အစမ်းလေ့ကျင့်ရက်** သောကြာနေ့ ၊ နံနက် (၉:၀၀) နာရီ
(အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ၊သင်္ချာ) အထူးပြုများအားလုံး

**အဝေးသင် သင်တန်း** - (၃၁ - ၁ -၂၀၂၅)၊
**အစမ်းလေ့ကျင့်ရက်** သောကြာနေ့ ၊ မွန်းလွဲ(၂:၀၀)နာရီ
(မြန်မာစာ၊ ပထဝီဝင်၊ ရူပဗေဒ၊ သတ္တဗေဒ၊ရုက္ခဗေဒ) အထူးပြုများအားလုံး

၃။ နေ့သင်တန်း ဘွဲ့နှင်းကျင်းပရက် ( ၁ - ၂ - ၂၀၂၅ )ရက် ၊ စနေနေ့၊ နံနက်ပိုင်း ၉:၀၀ နာရီ
- မဟာဝိဇ္ဇာဘွဲ့ (ပထဝီဝင်၊သမိုင်း) အထူးပြုများအားလုံး
- မဟာသိပ္ပံဘွဲ့ (ရူပဗေဒ) အထူးပြုအားလုံး
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (မြန်မာစာ၊ပထဝီဝင်) အထူးပြုများအားလုံး
- သိပ္ပံဂုဏ်ထူးဘွဲ့ (ဓာတုဗေဒ၊ရူပဗေဒ)အထူးပြုများအားလုံး
- ဝိဇ္ဇာဘွဲ့ (မြန်မာစာ၊ပထဝီဝင်၊သမိုင်း၊ဒဿနိကဗေဒ၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုပညာ) အထူးပြုများအားလုံး
- BTHM ဘွဲ့ (ခရီးသွားလုပ်ငန်းနှင့်ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲမှုပညာ) အထူးပြုအားလုံး
- သိပ္ပံဘွဲ့ (ဓာတုဗေဒ၊သတ္တဗေဒ၊ရုက္ခဗေဒ) အထူးပြုများအားလုံး

၄။ နေ့သင်တန်း ဘွဲ့နှင်းကျင်းပရက် ( ၁ - ၂ - ၂၀၂၅ )ရက် ၊ စနေနေ့၊ မွန်းလွဲပိုင်း ၂:၀၀ နာရီ
- မဟာသိပ္ပံဘွဲ့ (သင်္ချာ၊သတ္တဗေဒ၊ရုက္ခဗေဒ) အထူးပြုများအားလုံး
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (အင်္ဂလိပ်စာ) အထူးပြုအားလုံး
- သိပ္ပံဂုဏ်ထူးဘွဲ့ (သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) အထူးပြုများအားလုံး
- ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) အထူးပြုအားလုံး
- သိပ္ပံဘွဲ့ (ရူပဗေဒ၊သင်္ချာ) အထူးပြုများအားလုံး

၅။ အဝေးသင် သင်တန်း၊ဘွဲ့နှင်းကျင်းပရက်( ၂ - ၂ - ၂၀၂၅ )ရက် ၊ တနင်္ဂနွေနေ့ ၊ နံနက်ပိုင်း ၉:၀၀ နာရီ
- ဝိဇ္ဇာဘွဲ့ ( အင်္ဂလိပ်စာ ) အထူးပြုအားလုံး
- သိပ္ပံဘွဲ့ ( သင်္ချာ ) အထူးပြုအားလုံး

၆။ အဝေးသင် သင်တန်း၊ဘွဲ့နှင်းကျင်းပရက် ( ၂ - ၂ - ၂၀၂၅ )ရက် ၊ တနင်္ဂနွေနေ့ ၊ မွန်းလွဲပိုင်း ၂:၀၀ နာရီ
- ဝိဇ္ဇာဘွဲ့ ( သမိုင်း၊ဒဿနိကဗေဒ ) အထူးပြုများအားလုံး
- သိပ္ပံဘွဲ့ ( ဓာတုဗေဒ) အထူးပြုအားလုံး

၇။ အဝေးသင် သင်တန်း၊ဘွဲ့နှင်းကျင်းပရက်( ၃ - ၂ - ၂၀၂၅ )ရက်၊ တနင်္လာနေ့၊ နံနက်ပိုင်း ၉:၀၀ နာရီ
- ဝိဇ္ဇာဘွဲ့ ( ပထဝီဝင် ) အထူးပြုအားလုံး
- သိပ္ပံဘွဲ့ (ရူပဗေဒ၊သတ္တဗေဒ) အထူးပြုများအားလုံး

၈။ အဝေးသင် သင်တန်း၊ဘွဲ့နှင်းကျင်းပရက်( ၃ - ၂ - ၂၀၂၅ )ရက်၊ တနင်္လာနေ့၊ မွန်းလွဲပိုင်း ၂:၀၀ နာရီ
- ဝိဇ္ဇာဘွဲ့ ( မြန်မာစာ ) အထူးပြုအားလုံး
- သိပ္ပံဘွဲ့ (ရုက္ခဗေဒ) အထူးပြုအားလုံး

၉။ ဘွဲ့တက်ရောက်မည့်သူများသည် အစမ်းလေ့ကျင့်ခြင်း အခမ်းအနားကို မပျက်မကွက် (မပျက်မကွက်) တက်ရောက် ကြရမည်။

၁၀။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း ဝတ်စုံ (ကျား) တို့မှ ကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ကြရမည်။ (မြန်မာယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှု မျိုးဖြင့် လုံးဝ တက်ရောက်ခွင့် ပြုမည်မဟုတ်ပါ)

၁၁။ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာများကို နေ့သင်တန်းအတွက် (၂၇-၁-၂၀၂၅)ရက်နေ့ စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် လည်းကောင်း၊ အဝေးသင် သင်တန်းအတွက်(၂၈-၁-၂၀၂၅)ရက်နေ့ အဝေးသင် ဌာနတွင် လည်းကောင်းထုတ်ပေးမည် ဖြစ်သည်။

၁၂။ ဘွဲ့ဝတ်စုံများအား မန္တလာတက္ကသိုလ် အားကစားရုံတွင် ထုတ်ယူရမည်ဖြစ်ပါသည်။

၁၃။ အသေးစိတ်သိရှိလိုပါက မန္တလာတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်း ဌာနတွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**သင်တန်းရေးရာဌာန**
**မန္တလာတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်း ပွဲရုံဆိုင်ခန်းအမှတ်(ပ-၁၉၇)ဆိုင်ခန်းအား ဒေါ်မမော်၉/မမန(နိုင်)၀၁၆၉၇၇၊ ယခင်တိုက်(ကေ)၊ အခန်း(၁၀)၊ ရွှေအင်ကြင်းလမ်း၊ ရွှေသရဖီရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ယခုအမှတ်(ဈ/၂၇၂)၊ အေးရိပ်မွန်(၇)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ထုတ်ပေးထားသော ဆိုင်ခန်းပိုင်ဆိုင်မှု မှတ်တမ်းစာအုပ်မူရင်း နေအိမ်အပြောင်းအရွှေ့ပြုလုပ်ရာတွင် ပျောက်ဆုံးသွားပါသဖြင့် ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်များ၊ တရားရုံးကျမ်းကျိန်လွှာများဖြင့် ဆိုင်ခန်းပိုင်ဆိုင်မှုမှတ်တမ်းစာအုပ်(မိတ္တူမှန်) ပြန်လည်ထုတ်ပေးပါရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားလာပါသည်။

၂။ အထက်ပါလျှောက်ထားလာမှုနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ဤကြေညာချက်ထွက်သည့်ရက်မှ(၁၄)ရက် အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာ တင်သွင်းလျှောက်ထားနိုင်ပါသည်။

၃။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်)ကန့်ကွက်လွှာတွင် အထောက်အထားခိုင်လုံမှုမရှိပါက ဆိုင်ခန်းပိုင်ဆိုင်မှုမှတ်တမ်းစာအုပ်(မိတ္တူမှန်) ထုတ်ပေးနိုင်ရေး ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**အခွန်ဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် လလ-၃၇၊ ဦးပိုင်အမှတ်(၃+၄)၊ ၅၂x၅၃ကြား၊ တပင်ရွှေထီးxမဏ္ဍရာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဗိုလ်မှူးကြီး ခင်မောင်အေး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၁၀၁၂/၂၀၂၃)ဖြင့် အမွေ ဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်ချိုမာလှိုင်၏(GP ရရှိသူ ဒေါ်ကြည်ပြာဝင်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၁၂၃/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်နန်းရီ ၁၃/တကန(နိုင်)၁၃၂၀၉၃က အမှုတွဲအမှတ် (၅၈၇၇/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ် (၅၉)၊ဦးပိုင်အမှတ် (၆-က+၇)၊ ၈၁လမ်း၊ ၁၅x၁၆ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်သူဇာဝင်း ၅/ဝလန(နိုင်) ၁၂၇၆၃၁က ခင်ပွန်းဖြစ်သူ ဦးကြည်ဝေ ၅/ခတန(နိုင်)၀၀၉၀၂၄၏ အမည်ကိုပါပူးတွဲ၍ မှတ်ပုံတင်ကျမ်းကျိန်ဆိုချက်နှင့်အတူ အမှုတွဲအမှတ် (၀၆၉၆/ဘ (ဖြည့်စွက်/ ၂၀၂၄-၂၀၂၅) ဘိုးဘ/ဖြည့်စွက်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

